# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်
# သတ္တမပုံမှန်အစည်းအဝေး
# (၁၁) ရက်မြောက်နေ့ မှတ်တမ်း



| .စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁ | ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း | ၁ |
| ၂ | ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင် ကျင်းပကြောင်း ကြေညာခြင်း | ၁ |
| ၃ | အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များက ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း | ၂ |
| ၄ | ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း | ၃ |
| ၅ | မြန်အောင်မြို့နယ်အတွင်းရှိ ဧရာဝတီရေကာတာ၏ တာမိုင်(၂၆.၃)ဖာလုံတွင် ဧရာဝတီမြစ်အတွင်းသို့ မိုးရေချောင်းရေများ ထုတ်နုတ်ပေးနိုင်သော ရေတံခါးများကို တပ်ဆင်ဆောင်ရွက်ပေးနိုင်ခြင်းရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း | ၃ |
| ၆ | ကျေးရွာအဆင့် မြစိမ်းရောင်ရန်ပုံငွေကြီးကြပ်မှုကော်မတီများကို ပြည်သူလူထုမှ တိုင်ကြားမှုနှင့် ပတ်သက်၍ မည်သို့စစ်ဆေးဖြေရှင်းပေးမည်ကို သိလိုခြင်းနှင့် စပ်လျဉ်းသည့်မေးခွန်း | ၆ |
| ၇ | ပွင့်လင်းမြင်သာမှုလည်းမရှိ၊ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်လည်းမညီသော မြို့ကွက်သစ်စီမံကိန်းကို မည်ကဲ့သို့အရေးယူဆောင်ရွက်မည်ကို သိလိုခြင်းနှင့် စပ်လျဉ်းသည့်မေးခွန်း | ၁၁ |
| ၈ | ပေါင်မြို့နယ်တွင် နွေစပါးစိုက်ပျိုးသည့်တောင်သူများ၏ စိုက်ပျိုးမြေများ ရေဖူလုံစွာရရှိရေးအတွက် ကတိုက်ဆည်မှ ရေလုံလောက်စွာ ဖြန့်ဝေပေးနိုင်မည့် နည်းလမ်းသစ်များ ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း | ၁၆ |
| ၉ | မြစ်သားမြို့ရှိ ဂိုဒေါင်ပျက်များ၊ ချုံနွယ်များဖြင့် ရှုပ်ထွေးနေသော စိုက်ပျိုးရေးဌာနပိုင်မြေနေရာအား ရုံးမြေနေရာမရှိသော အစိုးရဌာန(၅) ဌာနရုံးဖွင့်လှစ်နိုင်ရေးအတွက် စွန့်လွှတ်လွှဲပြောင်းပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း | ၂၀ |
| ၁၀ | တစ်နိုင်တစ်ပိုင်စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းတို့တွင် အများပြည်သူ စိတ်ပါဝင်စားပြီး လုပ်ကိုင် လိုစိတ်ရှိလာစေရန် တာဝန်ရှိသူအဆင့်ဆင့်က ကျေးလက်ဒေသအထိ အနီးကပ်ကြီးကြပ်အသိပညာပေး ရေးနှင့်လိုအပ်သော ကူညီပံ့ပိုးမှုပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း | ၂၂ |

၁၁ မောက်မယ်မြို့နယ်ရှိ အဓိက ရေအရင်းအမြစ်ဖြစ်သော နမ့်ယွန်းချောင်း၏ ရေငုပ်ကွယ်ပျောက်ဇရိယာ အား ရှောင်ကွင်းတူးမြောင်း ဖောက်လုပ်ပေးရန်၊ ရေစီးရေလာပိုမိုကောင်းမွန်အောင် ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း ၂၅

၁၂ ဒေါက်တာဒေါ်ခင်စိုးစိုးကြည်၊ ပြည်မဲဆန္ဒနယ်က စက်မှုလယ်ယာစနစ် အမြန်ဆုံးဖွံ့ဖြိုးတိုးတက် အောင်မြင်ရန်အတွက် ဓကေကွက်များ ဖော်ထုတ်ခြင်းလုပ်ငန်းကို အမြန်ဆုံးအရှိန်အဟုန်မြှင့် ဆောင်ရွက်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆို တင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့်/မသင့်အဆုံးအဖြတ်ရယူခြင်း ၂၈

၁၃ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ကတင်သွင်းသည့် အမျိုးဇာတ်ပျက်ယွင်းခြင်းမှ ဖယ်ရှားသည့် အက်ဥပဒေ (The Caste Disability Removal Act)ကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ပြင်ဆင်ချက်မရှိအတည်ပြုရန် လွှတ်တော်၏အဆုံးအဖြတ်ရယူခြင်း ၃၄

၁၄ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၁၁)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး(၁၂)ရက်မြောက်နေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကိုကြေညာခြင်း ၃၄

**ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမ ပုံမှန်အစည်းအဝေး**

**(၁၁)ရက်မြောက်နေ့ အစီအစဉ်**

**[ ၂-၂-၂၀၁၈ ] (သောကြာနေ့) နံနက် ၁၀ နာရီ**

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း၊

၂။ ပြည်သူ့လွှတ်တော်အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း၊

၃။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမ ပုံမှန်အစည်းအဝေး (၁၁)ရက်မြောက်နေ့ အစီအစဉ် ကြေညာခြင်း၊

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်က ဖြေကြားခြင်း-

(က) ဦးခင်မောင်လတ်၊ မြန်အောင် မဲဆန္ဒနယ်၏ **မြန်အောင်မြို့နယ်အတွင်းရှိ ဧရာဝတီရေကာတာ၏ တာမိုင်(၂၆.၃)ဖာလုံတွင် ဧရာဝတီမြစ်အတွင်းသို့ မိုးရေချောင်းရေများ ထုတ်နုတ်ပေးနိုင်သော ရေတံခါးများကို တပ်ဆင်ဆောက်ရွက်ပေးနိုင်ခြင်း ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ခ) ဒေါ်သန္တာ၊ အိမ်မဲ မဲဆန္ဒနယ်၏ **"ကျေးရွာအဆင့် မြစိမ်းရောင် ရန်ပုံငွေကြီးကြပ်မှုကော်မတီ" များကို ပြည်သူလူထုမှ တိုင်ကြားမှုနှင့် ပတ်သက်၍ မည်သို့ စစ်ဆေးဖြေရှင်းပေးမည်ကို သိလိုခြင်း** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဂ) ဒေါ်နီနီမေမြင့်၊ တောင်ကုတ် မဲဆန္ဒနယ်၏ **ပွင့်လင်းမြင်သာမှုလည်းမရှိ၊ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်လည်းမညီသော မြို့ကွက်သစ် အိမ်ရာ စီမံကိန်းကို မည်ကဲ့သို့ အရေးယူဆောင်ရွက်မည်ကို သိလိုခြင်း** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဃ) ဒေါ်မိကွန်ချမ်း၊ ပေါင် မဲဆန္ဒနယ်၏ **ပေါင်မြို့နယ်တွင် နွေစပါး စိုက်ပျိုးသည့် တောင်သူများ၏ စိုက်ပျိုးမြေများ ရေဖူလုံစွာ ရရှိရေး အတွက် ကတိုက်ဆည်မှ ရေလုံလောက်စွာ ဖြန့်ဝေပေးနိုင်မည့် နည်းလမ်းသစ်များ ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(င) ဒေါက်တာဦးလင်းလင်းကျော်၊ မြစ်သား မဲဆန္ဒနယ်၏ **မြစ်သားမြို့ရှိ ဂိုဒေါင်ပျက်များ၊ ချုံနွယ်များဖြင့် ရှုပ်ထွေးနေသော စိုက်ပျိုးရေး ဌာနပိုင်မြေနေရာအား ရုံးမြေနေရာမရှိသော အစိုးရဌာန (၅)ဌာန ရုံးဖွင့်လှစ်နိုင်ရေးအတွက် စွန့်လွှတ်လွှဲပြောင်းပေးရန် အစီအစဉ်ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(စ) ဦးတင်လှ၊ ခနေဖြူ မဲဆန္ဒနယ်၏ **တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းတို့တွင် အများပြည်သူ စိတ်ပါဝင်စားပြီး လုပ်ကိုင် လိုစိတ်ရှိလာစေရန် တာဝန်ရှိသူ အဆင့်ဆင့်က ကျေးလက်ဒေသအထိ အနီးကပ်ကြီးကြပ် အသိပညာပေးရေးနှင့် လိုအပ်သော ကူညီပံ့ပိုးမှုပေးရန် အစီအစဉ်ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဆ) ဦးစိုင်းငေါင်းဆိုင်ဟိန်း၊ မောက်မယ် မဲဆန္ဒနယ်၏ **မောက်မယ် မြို့နယ်ရှိ အဓိက ရေအရင်းအမြစ်ဖြစ်သော နမ့်ယွန်းချောင်း၏ ရေငုပ်ကွယ်ပျောက်ဧရိယာအား ရှောင်ကွင်းတူးမြောင်း ဖောက်လုပ် ပေးရန်၊ ရေစီးရေလာ ပိုမိုကောင်းမွန်အောင် ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ၊ မရှိ** တို့နှင့် စပ်လျဉ်းသည့် မေးခွန်း၊

၆။ ဒေါက်တာဒေါ်ခင်စိုးစိုးကြည်၊ ပြည် မဲဆန္ဒနယ်က **"စက်မှုလယ်ယာစနစ် အမြန်ဆုံး ဖွံ့ဖြိုးတိုးတက်အောင်မြင်ရန်အတွက် ကေကွက်များ ဖော်ထုတ်ခြင်း လုပ်ငန်းကို အမြန်ဆုံးအရှိန်အဟုန်မြှင့် ဆောင်ရွက်ပေးပါရန် ပြည်ထောင်စု အစိုးရအား တိုက်တွန်းကြောင်း"** အဆို တင်သွင်းခြင်း နှင့်လက်ခံဆွေးနွေးရန် သင့်မသင့် အဆုံးအဖြတ်ရယူခြင်း။

၇။ အဆိုကို ပြည်သူ့လွှတ်တော်က လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဆုံးဖြတ်ပါက ယင်းအဆိုကို လက်ခံဆွေးနွေးရန် မရှိကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း။

## (သို့မဟုတ်)

လက်ခံဆွေးနွေးရန် ဆုံးဖြတ်သော အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း၊

၈။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်က တင်သွင်းသည့် **"အမျိုးဇာတ်ပျက်ယွင်းခြင်းမှ ဖယ်ရှားသည့် အက်ဥပဒေ (The Caste Disabilities Removal Act)ကို ပြင်ဆင်သည့် ဥပဒေကြမ်း"** နှင့် စပ်လျဉ်း၍ ပြင်ဆင်ချက်မရှိ အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း၊

၉။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမ ပုံမှန်အစည်းအဝေး (၁၁)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၁၂)ရက်မြောက်နေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး**
**(၁၁)ရက်မြောက်နေ့မှတ်တမ်း**

**၁၃၇၉ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၂ ရက်**
**(၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၂ ရက်)**
**(သောကြာနေ့)**

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၁၁)ရက်မြောက်နေ့ကို နံနက် ၁၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ပြည်သူ့လွှတ်တော်အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲသူအဖြစ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၁၁)ရက်မြောက်နေ့အစီအစဉ်စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**ဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါ။

**ကိုယ်စားလှယ်များ။** ။ မင်္ဂလာပါ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

## ပြည်သူ့လွှတ်တော်အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၁၁)ရက်မြောက်နေ့မှာ ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၄၃၃ ဦးရှိတဲ့အနက် ၃၉၁ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူဦးရေ စုစုပေါင်းရဲ့ ၉၀.၃၀ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစီအစဉ်များကို ကြိုတင်ဖြန့်ဝေထားတဲ့အတိုင်း ဆက်လက်ဆောင်ရွက်သွားပါမယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ**။ ။ ယခု အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားရန်ဖြစ်ပါတယ်။

**ဒေါက်တာလှမိုး(အတွင်းရေးမှူး၊ လွှတ်တော်အခွင့်အရေးကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၂ ရက်နေ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၁၁)ရက်မြောက်နေ့သို့ မတက်ရောက်နိုင်ပါသဖြင့် ခွင့်ပန်ကြားသူ လွှတ်တော်ကိုယ်စားလှယ်များ၏ကိုယ်စား ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေး ကော်မတီအတွင်းရေးမှူး ကျွန်တော် ဒေါက်တာလှမိုး၊ အောင်မြေသာစံမဲဆန္ဒနယ်က ကိုယ်စား ခွင့်ပန်ကြားသွားမှာဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်မှာ ယနေ့တက်ရောက်ခွင့်ရှိသော ကိုယ်စားလှယ် ၄၃၃ ဦးရှိပြီး တက်ရောက်သူကိုယ်စားလှယ် ၃၉၁ ဦးရှိကာ ယနေ့ ခွင့်ပန်ကြားသူ ၁၃ ဦးရှိပါတယ်။ ခွင့်ပန်ကြားသူများကတော့-

(၁) ခရမ်းမဲဆန္ဒနယ်မှ ဒေါက်တာအေးမင်း ခွင့် ၁ ရက်၊
(၂) မအူပင်မဲဆန္ဒနယ်မှ ဦးစိန်ဝင်း ခွင့် ၁ ရက်၊
(၃) ကိုကိုးကျွန်းမဲဆန္ဒနယ်မှ သူရဦးသက်ဆွေ ခွင့် ၁ ရက်၊
(၄) ပျော်ဘွယ်မဲဆန္ဒနယ်မှ ဦးသောင်းအေး ခွင့် ၁ ရက်၊
(၅) ဇေယျာသီရိမဲဆန္ဒနယ်မှ ဦးလှဋ္ဌေးဝင်း ခွင့် ၁ ရက်၊
(၆) ဖယ်ခုံမဲဆန္ဒနယ်မှ ဦးဖိုးမောင် ခွင့် ၁ ရက်၊
(၇) ဝေါမဲဆန္ဒနယ်မှ ဦးတင်ထွေး ခွင့် ၁ ရက်၊
(၈) ကော့သောင်းမဲဆန္ဒနယ်မှ ဦးခင်ဇော် ခွင့် ၁ ရက်၊
(၉) တနင်္သာရီမဲဆန္ဒနယ်မှ ဦးအောင်ကျော်ဟိန်း ခွင့် ၁ ရက်၊
(၁၀) ဘုတလင်မဲဆန္ဒနယ်မှ ဦးမြင့်ဟန်ထွန်း ခွင့် ၁ ရက်၊
(၁၁) ကျောက်ဖြူမဲဆန္ဒနယ်မှ ဦးဘရှိန် ခွင့် ၁ ရက်၊
(၁၂) လမ်းမတော်မဲဆန္ဒနယ်မှ ဦးခင်မောင်ဝင်း ခွင့် ၁ ရက်နှင့်
(၁၃) ဥတ္တရသီရိမဲဆန္ဒနယ်မှ ဦးကျော်မင်းလှိုင် ခွင့် ၁ ရက်တို့ဖြစ်ကြပါတယ်။ ယခင် ခွင့်ပန်ကြားသူ ၂၉ ဦး၊ ယနေ့ခွင့်ပန်ကြားသူ ၁၃ ဦး စုစုပေါင်း ခွင့်ပန်ကြားသူ ၄၂ ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါကြောင်းနှင့် အထက်ပါကိုယ်စားလှယ်များ၏ ခွင့်ပန်ကြားမှုအား ခွင့်အဖြစ် ခွင့်ပြုပေးပါရန် လေးစားစွာဖြင့် ပန်ကြားအပ်ပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ခွင့်ပန်ကြားသူအားလုံးကို ခွင့်ပြုပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို မှတ်တမ်း တင်ခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၃၃ ဦး ယခင်ကခွင့်ပန်ကြား၍ခွင့်ပြုထားသူ ၂၉ ဦး၊ ယနေ့ ခွင့်ပြုထားသူ ၁၃ ဦးဖြစ်၍ လွှတ်တော်ကခွင့်ပြုထားသူ စုစုပေါင်း ၄၂ ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို လွှတ်တော်ရဲ့အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေတင်ပြချက်ကို အတည်ပြုမှတ်တမ်းတင်ရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က သဘောတူတဲ့အတွက် ကိုယ်စားလှယ်များအစည်းအဝေးတက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်က ဖြေကြားခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မေးခွန်းများ မေးမြန်းခြင်း၊ ဖြေကြားခြင်းအစီအစဉ် စတင်ဆောင်ရွက်ပါမယ်။

**မြန်အောင်မြို့နယ်အတွင်းရှိ ဧရာဝတီရေကာတာ၏ တာမိုင်(၂၆.၃)ဖာလုံတွင် ဧရာဝတီမြစ်အတွင်းသို့ မိုးရေချောင်းရေများ ထုတ်နုတ်ပေးနိုင်သော ရေတံခါးများကို တပ်ဆင်ဆောင်ရွက်ပေးနိုင်ခြင်းရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ မြန်အောင်မဲဆန္ဒနယ်မှ ဦးခင်မောင်လတ် မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးခင်မောင်လတ်(မြန်အောင်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော် ဦးခင်မောင်လတ်၊ မြန်အောင်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဖြစ်ပါတယ်။ ကျွန်တော်တို့ မြန်အောင်မြို့နယ်အတွင်း ယခုအခါ သဘာဝပတ်ဝန်းကျင်ပျက်စီးမှုကြောင့် အစွန်းရောက်ရာသီဥတုများဖြစ်ပေါ်လာပြီး မိုးရွာသွန်းမှုမှာ အချိန်တိုအတွင်း မိုးရေချိန်များစွာရွာသွန်းခြင်း၊ အဓိကရေနုတ်ချောင်းများဖြစ်တဲ့ မမြချောင်းမကြီးနှင့် ဆင်ကျုံးချောင်းမှာ ကွင်းရေများကြောင့် လွှမ်းမိုးမှုကြီးပြီး အချိန်မီလျင်မြန်စွာရေထုတ်ပေးနိုင်ခြင်းမရှိတော့၍ မိုးစပါးသီးနှံများ တစ်နှစ်ထက်တစ်နှစ် ပိုမိုပျက်စီးမှုများကြုံတွေ့နေရပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ မြန်အောင်မြို့နယ်ဟာ ဧရာဝတီတိုင်းဒေသကြီး၊ ဟင်္သာတခရိုင်အတွင်းတည်ရှိပြီး မြေမျက်နှာသွင်ပြင်အနေအထားမှာ ပင်လယ်ရေမျက်နှာပြင်အထက် အမြင့်ပေ ၅၀ မှ ၇၀ ပေအတွင်းသာတည်ရှိတဲ့မြို့ဖြစ်ပါတယ်။ မိုးတွင်းကာလ မြစ်ရေ၊ ချောင်းရေဝင်ရောက်နိုင်မှုမရှိစေရန်အတွက် မြစ်၊ ချောင်းဘေးတစ်လျှောက်တွင် တာတမံများဖြင့် ကာရံထားရပါတယ်။ မြန်အောင်မြို့နယ်၏ အဓိကစိုက်ပျိုးသောသီးနှံမှာ မိုးစပါး၊ ဆောင်းသီးနှံအဖြစ် မတ်ပဲ၊ နေကြာနှင့် ပဲမျိုးစုံ အဓိကစိုက်ပျိုးပြီး နွေစပါးဟာ ဆည်မြောင်းရေများဖြင့်

စိုက်ပျိုးလျက်ရှိပါတယ်။ မြစ်၊ ချောင်းရေကာတာတမံတည်ဆောက်ထားမှုအခြေအနေကို တင်ပြရလျှင် ပရှဉ်းချောင်းရေ ဝင်ရောက်မှုမှကာကွယ်ရန် ၅ မိုင် ၂ ဖာလုံရှိတဲ့ နမ္မတီးတာတမံကြီးကိုလည်းကောင်း၊ ဧရာဝတီမြစ်ရေကကာကွယ်ရန် မြန်အောင်ရေကာ တာတမံကြီးဟာ အင်္ဂပူမြို့နယ်အစပ်အထိ အလျား ၃၄ မိုင်အထိ ရှည်လျားစွာကာကွယ်ထားရပြီး မမြချောင်းရေလျှံမှုဟာ နှစ်ဖက်ကမ်းထိန်းတာတမံများဖြင့် ကာရံထားရပါတယ်။ ရေတံခါးများတည်ဆောက်ထားမှုအခြေအနေကိုတင်ပြရလျှင် မြန်အောင်တာတမံကြီး၏ စုစုပေါင်းအလျားမှာ ၃၉ မိုင် ၂ ဖာလုံရှိပြီး ရေတံခါး ၁၀ လုံးတည်ဆောက် တပ်ဆင်ထားပါတယ်။ ဒီတပ်ဆင်ထားတဲ့ ရေတံခါးများကတော့ တိုက်ကြီး၊ စပါးကရိ၊ မာလကာကုန်း၊ မင်္ဂလာ(၁)၊ မင်္ဂလာ(၂)၊ ကနောင်၊ အိုးဖို၊ အိုင်ကလော၊ ညောင်ဝန်းနှင့် သပြေကုန်းရေတံခါးတို့ဖြစ်ပါတယ်။ ၎င်းရေတံခါးများမှာ မြေနိမ့်ပိုင်းတွင်ရှိတဲ့ မြို့နှင့် ကျေးရွာများကို လယ်ယာစိုက်ပျိုးမြေများအတွက် အစိတ်အပိုင်းတစ်ခုအဖြစ်ကာကွယ်ရန် တည်ဆောက်ထားခဲ့ခြင်းဖြစ်ပါတယ်။

မြန်အောင်မြို့နယ်အတွင်း မိုးရေ၊ ချောင်းရေ၊ ရိုးရေစီးဆင်းစုဝေးမှု၏ အဓိကချောင်းများမှာ မမြချောင်း၊ ဆင်ကျုံးချောင်းတို့ဖြစ်ပါတယ်။ မမြချောင်းမှာ ရခိုင်ရိုးမအရှေ့ဘက်ကမ်းရှိ ရေဝေတောင်တန်းများမှ ချောင်းများခံစီးဆင်းလာပြီး မြန်အောင်မြို့နယ်အတွင်း ကြက်သွန်ခင်း၊ ကညွတ်ကုန်း၊ အဆည် စသည့်ကျေးရွာအုပ်စုများအတွင်း အဓိကဖြတ်သန်းစီးဆင်းကာ အင်္ဂပူမြို့နယ်အတွင်း ဝင်ရောက်၍ ငဝန်မြစ်အတွင်းကို စီးဝင်ပါတယ်။ ဆင်ကျုံးချောင်းမှာ မြန်အောင်မြို့အနီးမှာ စတင်ကာ ဂျန်းချောင်း၊ မိုးမခချောင်း၊ ရိုးကြီးချောင်း၊ ကိုးကြီးချောင်း စသည့် ဒေသအမည်အမျိုးမျိုးဖြင့် ကျူတော၊ ရိုက်၊ အဆည်အုပ်စုများကိုဖြတ်သန်းပြီး မမြချောင်းအတွင်းသို့ စီးဝင်သွားပါတယ်။ မြန်အောင်မြို့နယ်အတွင်းရှိ ရိုးချောင်းများအားလုံးဟာ ၎င်းမမြချောင်းနှင့် ဆင်ကျုံးချောင်းအတွင်းသို့ စီးဝင်ခဲ့ကြခြင်းဖြစ်ပါတယ်။ မိုးရေ၊ တောရေ၊ ချောင်းရေ၊ ရိုးချောင်းရေ၊ ဖောက်ချောင်းရေတို့ကို အဓိကထုတ်နုတ်ပေးနိုင်သော ချောင်းများလည်းဖြစ်ပါတယ်။ မိုးရေ၊ တောရေ၊ ရေကြီးနစ်မြုပ်မှုလျော့နည်းသက်သာစေရန်အတွက် တစ်တီတူးဖောက်ချောင်း၊ ကြက်သွန်ခင်းဖောက်ချောင်းနှင့် မမြဖောက်ချောင်းများအား ခေတ်အဆက်ဆက် ရေကြီးနစ်မြုပ်မှုလျော့ပါးရန် ကြိုးပမ်းဆောင်ရွက်ခဲ့ကြပါတယ်။ အဆိုပါဖောက်ချောင်းသုံးခုနှင့် ဆင်ကျုံးချောင်းတို့၏ဆုံရာ ရေစုဝင်ရာဒေသဖြစ်တဲ့ မမြချောင်းအောက်ပိုင်းကို ရှေးအစဉ်အဆက်ကပင် ရေထုတ်နုတ်ပေးနိုင်ခဲ့ခြင်းမရှိခဲ့ပါ။ ယခု သဘာဝပတ်ဝန်းကျင်ပျက်စီးမှုကြောင့် အစွန်းရောက်ရာသီဥတုများဖြစ်ပေါ်လာပြီး မိုးရွာသွန်းမှုမှာ အချိန်တိုအတွင်း မိုးရေချိန်များစွာ ရွာသွန်းခြင်း၊ မမြချောင်းမကြီးနှင့် ဆင်ကျုံးချောင်းမှာ ကွင်းရေများကြောင့် လွန်ကဲစွာလျှံတက်ပြီး အချိန်မီလျင်မြန်စွာရေထုတ်နုတ်ပေးနိုင်ခြင်းမရှိတော့သဖြင့် မမြချောင်းမှ မြန်အောင်မြို့နယ်ကိုလွန်၍ အင်္ဂပူမြို့နယ်ကိုဖြတ်ပြီး ငဝန်မြစ်အတွင်းစီးဝင်သည့် အဓိကအလျား ၂၁.၆ မိုင်ဖြတ်သန်းနေရပြီး ရေအင်းရေထောက်မှုများ ကြုံတွေ့နေရခြင်းကြောင့် ရွှေကျင်ကျေးရွာအုပ်စုအတွင်းရှိ ကွင်းအမှတ် ၄၆၇၊ ၄၆၈ ရှိ မိုးစပါးစိုက်ဧက ၁၆၀၀ အားလည်းကောင်း၊ အထက်ပိုင်းကျေးရွာအုပ်စုများဖြစ်တဲ့ လေးတူး၊ ငါးပိစိတ်၊ သရက်တော၊ ဒေါင်းကျ၊ ရိုက်၊ ကျူတောအုပ်စုများအတွင်းရှိ မိုးစပါးစိုက်ဧက ၁၀၀၀၀ ကျော်အားလည်းကောင်း၊ ကွင်းရေများ နှစ်စဉ်ရေနစ်မြုပ်နေမှုအတွက်ကြောင့် မိုးစပါးသီးနှံများ တစ်နှစ်ထက်တစ်နှစ် ပိုမိုပျက်စီးမှုကြုံတွေ့နေရပါတယ်။

မြန်အောင်မြို့အနီးမှ စတင်စီးဆင်းလာတဲ့ ဆင်ကျုံးချောင်းဟာ ဂျန်းချောင်း၊ မိုးမခချောင်း၊ ရိုးကြီးချောင်းအမည်များဖြင့် တလုတ်တော်ချောင်းရိုး၊ ပဲမခမ်းချောင်းရိုးများမှရေစုဝင်၍ ရေစုကွင်းကြီးဖြစ်ပေါ်ကာ နစ်မြုပ်နေပြီး ၎င်းတောရေများကို အလျင်အမြန်ထုတ်နုတ်ပေးနိုင်ပါက မိုးစပါးပျက်စီးမှုကို ကာကွယ်ထားနိုင်ပြီဖြစ်ပါတယ်။ အဆိုပါဆင်ကျုံးချောင်းစီးဆင်းမှုမှာ ရေတံခါးတည်ဆောက်နိုင်မည့် မြန်အောင် တာမိုင် ၂၆ မိုင် ၃ ဖာလုံနေရာအထိ စီးဆင်းလျှင် ၂၄.၆ မိုင်အထိ ရှိပါတယ်။ ဒါကြောင့်မို့လို့ ဒီလိုစုဝေးနေတဲ့ ရေစုကွင်းကြီးကနေပြီး ရေထုတ်ပေးနိုင်ဖို့အတွက် ကျွန်တော့်အနေနဲ့ မေးမြန်းရခြင်းဖြစ်ပါတယ်။ မိုးဦးကာလကွင်းရေများပြားပြီး ဧရာဝတီမြစ်ရေများချိန်မှာ မိုးလယ်ကာလကွင်းရေများစုရောက်မလာမီ မိုးဦးကာလကွင်းရေ၊ တောရေများကို ကြိုတင်ထုတ်နုတ်ထားနိုင်ခြင်းဖြင့် ရေနစ်မြုပ်မှုဧရိယာ ကျဉ်းကျုပ်သွားခြင်း။

**ဥက္ကဋ္ဌ**။ ။ နိဂုံးချုပ်ပါ။

**ဥက္ကဋ္ဌ**။ ။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးလှကျော်(ဒုတိယဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဧရာဝတီတိုင်းဒေသကြီး၊ မြန်အောင်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်လတ်ရဲ့ ဧရာဝတီတိုင်းဒေသကြီး၊ ဟင်္သာတခရိုင်၊ မြန်အောင်မြို့နယ်အတွင်းရှိ ဧရာဝတီရေကာတာရဲ့ တာမိုင် ၂၆ မိုင် ၃ ဖာလုံမှာ ဧရာဝတီမြစ်အတွင်းကို မိုးရေ၊ ချောင်းရေများ ထုတ်နုတ်ပေးနိုင်တဲ့ရေတံခါးများ တပ်ဆင်ဆောင်ရွက်ပေးနိုင်ခြင်းရှိ/မရှိ မေးခွန်းနှင့်စပ်လျဉ်းပြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအနေနဲ့ ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့ ဖြေကြားချက်နှင့်အတူ ပေါင်းစပ်ဖြေကြားပေးသွားမှာဖြစ်ပါတယ်။ ကျွန်တော်တို့ ဧရာဝတီတိုင်းဒေသကြီးအတွင်းမှာရှိတဲ့ ဟင်္သာတခရိုင်အတွင်းက မြန်အောင်မြို့နယ်ဟာ ဧရာဝတီမြစ်အနောက်ဘက်ကမ်းမှာတည်ရှိပြီးတော့ မြို့နယ်အတွင်း ပရှည်းချောင်းနှင့် ဧရာဝတီမြစ်တို့ကနေ မြစ်ရေဝင်ရောက်မှုကို ကာကွယ်နိုင်ဖို့အတွက် မိုင် ၄၀ ခန့် (၃၉.၂၅ မိုင်ခန့်) အရှည်ရှိတဲ့ မြန်အောင်ရေဘေးကာကွယ်ရေးတာကို ဟိုး ဗြိတိသျှလက်ထက် ၁၈၆၂ ခုနှစ်ကတည်းက တည်ဆောက်ခဲ့ပါတယ်။ လိုအပ်ချက်အရ ယခုအချိန်အထိ ဒေသရေဘေးကာကွယ်ရေးလုပ်ငန်းတွေအတွက် ပြုပြင်ထိန်းသိမ်းဆောင်ရွက်ရတဲ့ အခြေအနေရှိပါတယ်။

မိုးရာသီမှာ ထိုဒေသမှာရှိတဲ့ ကွင်းရေများအနေနဲ့ ဆင်ကျုံးချောင်းနှင့် မမြချောင်းတို့ကနေ တစ်ဆင့် သဲဖြူချောင်းကိုစီးဝင်ပြီးတော့ အဲဒီကမှတစ်ဆင့် ငဝန်မြစ်ထဲကို စီးထွက်ပါတယ်။ မိုးကာလ ငဝန်မြစ်ရေကြီးတဲ့အချိန်မှာ မြစ်ရေထောက်ပြီး ဒေသတွင်းရာသွန်းတဲ့မိုးရေတွေဟာ ငဝန်မြစ်ထဲကို စီးထွက်နိုင်မှု မရှိတဲ့အတွက်ကြောင့်လည်းကောင်း၊ အဓိကရေထုတ်ပေးနေတဲ့ မမြချောင်းအောက်ပိုင်း တိမ်ကောနေတဲ့အတွက်ကြောင့်လည်းကောင်း၊ မြန်အောင်မြို့နယ်အတွင်းမှာရှိတဲ့ စိုက်ပျိုးမြေဧရိယာများဟာ မိုးကာလရေကြီးနစ်မြုပ်မှုများ ဖြစ်ပေါ်နေခြင်းဖြစ်ပါတယ်။ ဒါကြောင့်လည်းပဲ အဓိကရေထွက်

ပေါက်ဖြစ်တဲ့ မမြချောင်းအောက်ပိုင်း တိမ်ကောနေမှုတွေကို တူးဖော်ဖို့အတွက် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်မှာ ကျွန်တော်တို့ ပြည်ထောင်စု ငွေလုံးငွေရင်းရန်ပုံငွေ ခွဲဝေရရှိမည်ဖြစ်တာနှင့်အညီ ယခု ပွင့်လင်းရာသီမှာ တူးဖော်ဆောင်ရွက်ပေးလျက်ရှိပါတယ်။ လုပ်ငန်းများဆောင်ရွက်ပြီးမယ်ဆိုရင် တော့ ကွင်းရေတွေကို ပိုမိုလျင်မြန်စွာထုတ်လုပ်နိုင်ပြီးတော့ ကြုံတွေ့နေရတဲ့ သဘာဝဘေးကြောင့် ဖြစ်ပေါ်ခဲ့တဲ့ ရေကြီးနစ်မြုပ်မှုတွေကို သက်သာလျော့ပါးသွားစေမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့ မေးခွန်းမှာပါတဲ့ ဧရာဝတီမြစ်အတွင်း ကွင်းရေများထုတ်ဖို့ မြန်အောင်ရေဘေးကာကွယ်ရေးတာမှာ ရေတံခါးများတပ်ဆင်ရန်အတွက်ကတော့ ဧရာဝတီမြစ်ရေမှတ်တွေ၊ ကွင်းရေမှတ်တွေ၊ မြေမျက်နှာ သွင်ပြင် အနိမ့်အမြင့်အနေအထား၊ တာနှင့် မြစ်အကွာအဝေး၊ ရေတံခါးတည်ဆောက်ခြင်းကြောင့် နောက်ဆက်တွဲဖြစ်ပေါ်လာနိုင်တဲ့ ကမ်းပြိုကမ်းစားမှုအခြေအနေများနှင့်စပ်လျဉ်းပြီးတော့ ဒီအချက် အလက်တွေကို စူးစမ်းလေ့လာတိုင်းတာမှုဆောင်ရွက်ခဲ့ပါတယ်။ ရရှိလာတဲ့အချက်အလက်တွေအရ မြစ်ရေတက်ချိန်မှာ မြစ်ရေမှတ်ကမြင့်၊ ကွင်းရေ Level က နိမ့်တဲ့အတွက် ရေတံခါးနှင့် ရေထုတ်ဖို့ အခြေအနေမဖြစ်နိုင်တာ တွေ့ရပါတယ်။ အခြားတစ်ဖက်မှာလည်း မြစ်ကမ်းနဲ့တာအကာအဝေးဟာ ပေ ၁၀၀၀ သာရှိပြီး နီးကပ်နေတဲ့အတွက် အကယ်၍ ရေတံခါးသာတည်ဆောက်မယ်ဆိုရင် မြစ်ကမ်းပါးများတွင် ပြိုကျမှုများဖြစ်ပေါ်ပြီးတော့ တာတမံတွေကို ထိခိုက်လာနိုင်တဲ့အတွက် ကောင်းကျိုးထက်ဆိုးကျိုးများ ဖြစ်ပေါ်လာနိုင်တဲ့အခြေအနေဖြစ်ကြောင်း စိစစ်သုံးသပ်တွေ့ရှိရပါ တယ်။ ဒါကြောင့် ကွင်းဘက်မှာရှိတဲ့ ချောင်း၊ မြောင်းတွေကို ရေနုတ်အားကောင်းဖို့ တူးဖော်ပြုပြင်ပေး သင့်တဲ့အနေအထားကြောင့် အဓိကရေထွက်ပေါက်ဖြစ်တဲ့ မမြချောင်းအောက်ပိုင်း တိမ်ကောနေမှုတွေ ကို တူးဖော်ပေးမှုနဲ့ စီမံဆောင်ရွက်လျက်ရှိပါကြောင်း လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့ မေးခွန်းအပေါ် ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့ ဖြေကြားချက်နှင့်အတူ ပေါင်းစပ်ရှင်းလင်းဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ကျေးရွာအဆင့် မြစိမ်းရောင်ရန်ပုံငွေကြီးကြပ်မှုကော်မတီများကို ပြည်သူလူထုမှ တိုင်ကြားမှုနှင့် ပတ်သက်၍ မည်သို့စစ်ဆေးဖြေရှင်းပေးမည်ကိုသိလိုခြင်းနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ အိမ်မဲမဲဆန္ဒနယ်မှ ဒေါ်သန္တာ မေးမြန်းဖို့ဖြစ်ပါတယ်။

**ဒေါ်သန္တာ(အိမ်မဲမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော် ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံး မင်္ဂလာပါရှင်။ ကျွန်မကတော့ ဧရာဝတီတိုင်းဒေသကြီး၊ အိမ်မဲမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဖြစ်ပါတယ်။ ကျွန်မ မေးချင်တဲ့မေးခွန်းကတော့ ကျေးလက်ဒေသ မြစိမ်းရောင်စီမံကိန်းနဲ့ဖွဲ့စည်းထားတဲ့ ကျေးရွာအဆင့် မြစိမ်းရောင်ရန်ပုံငွေကြီးကြပ်မှုကော်မတီတွေကို ပြည်သူလူထုတွေက တိုင်ကြားမှုတွေနဲ့ပတ်သက်ပြီး မည်သို့စစ်ဆေး ဖြေရှင်းပေးမည်နည်းဆိုတဲ့ မေးခွန်းပဲဖြစ်ပါတယ်။ မေးမြန်းရခြင်းအကြောင်းရင်း ကတော့ ၂၀၁၃ ခုနှစ်၊ နိုဝင်ဘာလ ၁၈ နေ့မှာ ကျင်းပပြုလုပ်ခဲ့တဲ့ အမျိုးသားအဆင့်ကျေးလက် ဒေသဖွံ့ဖြိုးရေး မဟာဗျူဟာမူဘောင် အလုပ်ရုံဆွေးနွေးပွဲက ရရှိလာတဲ့လုပ်ငန်းစဉ်အရ ကျေးလက် နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများဖန်တီးရန်နှင့် မိသားစုဝင်ငွေတိုးပွားစေရန် ရည်မှန်းပြီး

မြစိမ်းရောင်ကျေးရွာစီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပါတယ်။ ရည်ရွယ်ချက်(၅)ချက်ဖြင့် ထောင်စုနှစ်ဖွံ့ဖြိုးရေးပန်းတိုင်အဖြစ် ဆင်းရဲမှုနှုန်းထက်ဝက်လျှော့ချစေရန် ရည်မှန်းခဲ့ပါတယ်။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်မှာ နိုင်ငံတော်ဘတ်ဂျက်က သန်း ၃၀ ကို အရင်းမပျောက်လည်ပတ်ရန်ပုံငွေဖြင့် မတည်ပေးခဲ့ပြီး ငွေ ၁၀၀ ကျပ်ကို တစ်လလျှင် ဆယ်ပြားနှုန်းနဲ့ တစ်ကျပ်ပြား ၅၀ နှုန်းအတွင်း ကျေးရွာကော်မတီမှ သင့်လျော်သလိုသတ်မှတ်ပြီး ကျေးရွာသူ ကျေးရွာသားတွေကို ချေးငွေထုတ်ပေးရန်ဖြစ်ပါတယ်။ မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ရေးလက်ဆွဲမှာလည်း မြစိမ်းရောင်ရန်ပုံငွေကြီးကြပ်မှုကော်မတီဖွဲ့စည်းခြင်း၊ ၎င်းကော်မတီ၏ လုပ်ငန်းတာဝန်များ မြစိမ်းရောင်ဘဏ္ဍာရေးဆပ်ကော်မတီဖွဲ့စည်းခြင်း ၎င်းကော်မတီ၏ လုပ်ငန်းတာဝန်များကို အတိအလင်းဖော်ပြထားပြီး ပွင့်လင်းမြင်သာမှုရှိစေရန် ဆောင်ရွက်ရမည်လို့လည်း ပြဋ္ဌာန်းထားပါတယ်။ ကော်မတီအဆင့်ဆင့်မှာ ပါဝင်အကောင်အထည်ဖော်သူအားလုံး လိုက်နာရမယ့် စည်းကမ်းချက် (၈)ချက်ရှိပြီး အရေးကြီးတဲ့(က)မှာတော့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ရဲ့ တည်ဆဲဥပဒေကို လိုက်နာရမယ်။ (ခ)ကတော့ တာဝန်ဝတ္တရားတွေကို ရိုးသားစွာထမ်းဆောင်ရန်လို့ ပါဝင်ပါတယ်။ ဒါပေမဲ့ အမှန်တကယ်အောက်ခြေအဆင့်မှာတော့ ကျေးရွာမြစိမ်းရောင်ရန်ပုံငွေ ကြီးကြပ်ရေးကော်မတီအချို့မှာ အဂတိလိုက်စားပြီး နိုင်ငံတော်ရဲ့ဘတ်ဂျက်၊ နိုင်ငံတော်ရဲ့မူလရည်မှန်းချက်တွ ပျောက်ဆုံးနေပါတယ်။ ယခင်အဆက်ဆက်ကျေးရွာအုပ်ချုပ်ရေးမှူးတွေနဲ့ ပတ်သက်သူတွေ၊ ငွေရှင်၊ ကြေးရှင်တွေ ကြီးကြပ်ရေးကော်မတီမှာပါဝင်ပြီး လက်ဝါးကြီးအုပ်နိုင်ခဲ့ကြပြီး နိုင်ငံရေးကစားကွက်တစ်ခုပမာ ဖြစ်ခဲ့တဲ့သာဓကများစွာလည်း ရှိခဲ့ပါတယ်။ အခုအစိုးသစ်လက်ထက်မှာ ဒီအကျင့်စရိုက်ဆိုးတွေ မပျောက်သေးဘဲ ချေးငွေထုတ်ချေးတဲ့နေရာမှာ စာချုပ်ပါငွေစာရင်းနဲ့ အမှန်တကယ်ငွေထုတ်ချေးတဲ့ ပမာဏတွေကွာဟခဲ့တာ၊ လက်မှတ်အတုတွေ၊ စာချုပ်အတုတွေလုပ်ပြီးတော့ ထုတ်ချေးခဲ့တာတွေကို ကျွန်မရဲ့မဲဆန္ဒနယ်မြေရှိတဲ့ အိမ်မဲက ခတ္တိယကျေးရွာ ပြည်သူလူထုရဲ့တိုင်ကြားချက်အရသိရှိရပြီး မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာနမှူးကလည်း မှန်ကန်ကြောင်းအတည်ပြုခဲ့ပါတယ်။ အလားတူဖြစ်ရပ်မျိုး တခြားကျူတလုတ်ကျေးရွာအုပ်စုမှာလည်း ရှိခဲ့ပါတယ်။ ပြည်ထောင်စုအဆင့် မြစိမ်းရောင်ကျေးရွာ အကောင်အထည်ဖော်ရေးဗဟိုကော်မတီရဲ့ လုပ်ငန်းတာဝန်များ(၁၂)ချက်မှာလည်း စီမံကိန်းအား ကွင်းဆင်းစစ်ဆေးခြင်း၊ သုံးသပ်အကဲဖြတ်ခြင်း၊ မကျေနပ်မှုတိုင်ကြားခြင်းများကို စစ်ဆေးဖြေရှင်းခြင်းတို့ပါဝင်တဲ့အတွက် မြစိမ်းရောင်စီမံကိန်းများကို မြေပြင်အခြေနေမှန်ကို လက်တွေ့စစ်ဆေးရန်၊ တိုင်ကြားမှုများကိုအရေးယူရန် မည်သည့်အချိန်တွင် မည်သို့ဆောင်ရွက်ထားသည် သို့မဟုတ် ဆောင်ရွက်သွားမည်ကို သိရှိလိုတဲ့အတွက် မေးမြန်းရခြင်းဖြစ်ပါတယ်ရှင်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးလှကျော်(ဒုတိယဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဧရာဝတီတိုင်းဒေသကြီး၊ အိမ်မဲမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်သန္တာရဲ့ ကျေးရွာ

အဆင့် ကျေးလက်ဒေသမြစိမ်းရောင်စီမံကိန်းနဲ့ဖွဲ့စည်းထားတဲ့ ကျေးရွာအဆင့် မြစိမ်းရောင်ရန်ပုံငွေကြီးကြပ်မှုကော်မတီတွေကို ပြည်သူလူထုမှ တိုင်ကြားမှုများနှင့်စပ်လျဉ်းပြီး မည်သို့စစ်ဆေးဖြေရှင်းပေးမည်ကို သိလိုခြင်းနှင့်စပ်လျဉ်းတဲ့မေးခွန်းကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနအနေနဲ့ ပြန်လည်ဖြေကြားပေးပါမယ်။ ဦးစွာ မြစိမ်းရောင်ကျေးရွာစီမံကိန်းရဲ့အနေအထားကို ရှင်းလင်းတင်ပြ လိုပါတယ်။ ကျွန်တော်တို့ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၁၄-၂၀၁၅ ခုနှစ်မှာ စတင်ဆောင်ရွက်ခဲ့ပါတယ်။ ကျေးလက်ဒေသဖွံ့ဖြိုးရေးရည်ရွယ်ချက်တွေနဲ့ လုပ်ငန်းတွေကို အကောင်အထည်ဖော်တဲ့အခါမှာ လုပ်ငန်းစဉ်အရ ကျေးရွာတစ်ရွာမှာ အရင်းမပျောက်မတည်ငွေလည်ပတ်ရန်ပုံငွေ ကျပ်သန်း ၃၀ မတည်ပေးခဲ့ပါတယ်။ ဒီရန်ပုံငွေကို ကျေးရွာလူထုက အများသဘောတူဆန္ဒမဲနဲ့ ကျား၊ မ ညီညွတ်စွာပါဝင်တဲ့ အမျိုးသား၊ အမျိုးသမီးဦးရေ ထက်ဝက်ပါဝင်ရွေးချယ်ထားတဲ့ ကျေးရွာကိုယ်စားလှယ်များနဲ့ ကျေးရွာရန်ပုံငွေကြီးကြပ်မှုကော်မတီ၊ ဘဏ္ဍာရေးဆပ်ကော်မတီတို့ကို ဖွဲ့စည်းစီမံခန့်ခွဲမှု ဆောင်ရွက်ခဲ့တဲ့စီမံကိန်းဖြစ်ပါတယ်။ မြစိမ်းရောင်ကျေးရွာစီမံကိန်းဟာ ဒေသခံပြည်သူလူထုအနေနဲ့ မိမိတို့ဒေသရဲ့ လူမှုရေး၊ စီးပွားရေးအခြေအနေတွေကို မိမိတို့ကိုယ်တိုင် စီမံခန့်ခွဲဆောင်ရွက်နိုင်တဲ့ အလေ့အကျင့်ကောင်းများရရှိပြီး မျှော်မှန်းအကောင်အထည်ဖော်ခဲ့တဲ့ စီမံကိန်းဖြစ်ပါတယ်။ မိမိတို့ဝန်ကြီးဌာနအနေနဲ့က ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနအနေနဲ့ကတော့ ရည်ရွယ်ချက်နဲ့အညီ အကောင်အထည်ဖော်ဆောင်ရွက်နိုင်မှုရှိ/မရှိကို ထိန်းကျောင်းဆောင်ရွက်ပေးလျက်ရှိပါတယ်။ ကျေးရွာအဆင့်မှာ မြစိမ်းရောင်ရန်ပုံငွေကြီးကြပ်ရေးကော်မတီအနေနဲ့ လှည့်ပတ်ရန်ပုံငွေကို အဓိကတာဝန်ယူအကောင်အထည်ဖော်ဆောင်ရွက်ရပြီး ရန်ပုံငွေလည်ပတ်ခြင်းဆိုင်ရာ အကြံဉာဏ်တွေ၊ အခက်အခဲတွေဖြေရှင်းပေးမှုနဲ့ အုပ်ချုပ်ရေးဆိုင်ရာကိစ္စရပ်တွေမှာ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးနိုင်ရေးအတွက် ကျေးရွာအုပ်ချုပ်ရေးမှူး သို့မဟုတ် ရာအိမ်မှူးကို ကော်မတီနာယကအဖြစ် ဆောင်ရွက်ဖို့အတွက် စီမံလုပ်ကိုင်ခဲ့ပါတယ်။ မြစိမ်းရောင်စီမံကိန်းတွေနဲ့ပတ်သက်ပြီး ရပ်/ရွာလူထုရဲ့အကြံပြုချက်တွေ၊ လုပ်ငန်းဆောင်ရွက်မှုတွေမှာ ချွတ်ချော်မှုနဲ့အားနည်းချက်များနဲ့ပတ်သက်ပြီး တိုင်ကြားချက်များကို မိမိတို့ဝန်ကြီးဌာန၊ သက်ဆိုင်ရာဦးစီးဌာနက အလေးအနက်ထားပြီး ဆောင်ရွက်ပေးလျက်ရှိပါတယ်။ စီမံကိန်းနဲ့ပတ်သက်ဆက်နွှယ်တဲ့ ပုဂ္ဂိုလ်တွေအားလုံး မည်သူကိုမဆို ဝေဖန်၊ အကြံပြုတိုင်ကြားနိုင်ဖို့အတွက် အစည်းအဝေးတွေမှာ ဝေဖန်အကြံပြုနိုင်ပါတယ်။ လူကိုယ်တိုင်သို့မဟုတ် အခြားပုဂ္ဂိုလ်များမှတစ်ဆင့် တယ်လီဖုန်းဖြင့်လည်းကောင်း၊ ဝန်ကြီးဌာန၊ ဦးစီးဌာန၊ မိမိတို့ရဲ့ပြည်ထောင်စုနယ်မြေအပါအဝင် တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့တွေကို စာဖြင့်ဖြစ်စေ၊ E-mail ဖြင့်ဖြစ်စေ၊ Website မှတစ်ဆင့် အကြံပြုတိုင်ကြားခြင်းနဲ့ တိုင်ကြားနိုင်တဲ့ လိပ်စာတွေကိုလည်း မြစိမ်းရောင်ကျေးရွာစီမံကိန်းလက်စွဲစာစောင်မှာ အတိအလင်းထည့်သွင်းပြီး ကျယ်ကျယ်ပြန့်ပြန့်ဖော်ပြထားပါတယ်။

မြစိမ်းရောင်ကျေးရွာစီမံကိန်းနဲ့ပတ်သက်ပြီး ရပ်/ရွာလူထုရဲ့ဆန္ဒဖော်ထုတ်ချက်၊ အကြံပြုချက်၊ တိုင်ကြားချက်တွေကို စစ်ဆေးဆောင်ရွက်တဲ့အခါမှာ တိုင်ကြားခံရတဲ့ အဖွဲ့အစည်းထက်အနည်းဆုံး တစ်ဆင့်မြင့်အဖွဲ့အစည်းကနေဦးဆောင်ပြီး စုံစမ်းစစ်ဆေးခြင်းကိုပြုလုပ်ပါတယ်။ စစ်ဆေးတွေ့ရှိခဲ့သလို တိုင်းဒေသကြီး/ပြည်နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရဲ့ စစ်ဆေးချက်နှင့်တကွ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံးချုပ်ကို တင်ပြတဲ့ Procedure ရှိပါတယ်။ စစ်ဆေး

တွေ့ရှိချက်အရ အရေးယူဆောင်ရွက်ချက်တွေကိုလည်း မြို့နယ်စီမံကိန်းအကောင်အထည်ဖော်ရေး ကော်မတီကနေပြီးတော့ ကျေးရွာတွေကိုပြန်လည် အသိပေးရှင်းလင်းတင်ပြခြင်းကို ဆောင်ရွက်ပါ တယ်။

လွှတ်တော်ကိုယ်စားလှယ်ကြီးတင်ပြခဲ့သလို မှန်ပါတယ်။ ဧရာဝတီတိုင်းဒေသကြီး အိမ်မဲ မြို့နယ်မှာ မြစိမ်းရောင်စီမံကိန်းကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်အတွင်းက စတင်အကောင်အထည် ဖော်ခဲ့တဲ့အချိန်မှာ စီမံကိန်းကျေးရွာယူနစ် ၉ ယူနစ်၊ အကျိုးပြုကျေးရွာ ၉ ရွာရှိပါတယ်။ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်မှာတော့ ကျေးရွာယူနစ် ၃၁ ယူနစ်၊ အကျိုးပြုကျေးရွာ ၄၀၊ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်မှာတော့ စီမံကိန်းကျေးရွာယူနစ် ၁၉ ယူနစ်၊ အကျိုးပြုကျေးရွာ ၃၀၊ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်မှာ စီမံကိန်းကျေးရွာယူနစ် ၁၄ ယူနစ်နဲ့ အကျိုးပြုကျေးရွာ ၃၃ ရွာ စုစုပေါင်း လက်ရှိအချိန်မှာ စီမံကိန်းကျေးရွာယူနစ် ၇၃ ယူနစ်နဲ့ အကျိုးပြုကျေးရွာ ၁၁၂ ရွာမှာ ဆောင်ရွက်လျက်ရှိကြောင်း တင်ပြအပ်ပါတယ်။ ကျေးရွာများတွေအနက်က လွှတ်တော်ကိုယ်စားလှယ် ကြီးရဲ့မေးခွန်းမှာဖော်ပြထားတဲ့ ခတ္တိယကျေးရွာ မြစိမ်းရောင်ရန်ပုံငွေကြီးကြပ်မှုကော်မတီအနေနဲ့ အသင်းသားတွေရဲ့ ငွေကြေးကိုအလွဲသုံးစားပြုလုပ်ထားတာကို အရေးယူဆောင်ရွက်ပေးဖို့ တိုင်ကြား စာနဲ့ပတ်သက်ပြီး မြောင်းမြခရိုင်ကျေးလက်ဦးစီးမှူးနဲ့ အိမ်မဲမြို့နယ်မြစိမ်းရောင်ကျေးရွာ စီမံကိန်း အကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီတို့က ကွင်းဆင်းစစ်ဆေးဆောင်ရွက်ခဲ့ပါတယ်။ ဒီနေရာ မှာ ပထမနှစ်နဲ့ဒုတိယနှစ်မှာ အသင်းသားအားလုံးကို ချေးငွေတစ်ပြေးညီထုတ်ချေးခဲ့သော်လည်းပဲ ၂၀၁၇-၂၀၁၈ တတိယနှစ်စက်ဝန်း(Third Circle)မှာ လုပ်ငန်းအမျိုးအလိုက် ချေးငွေနှုန်းထား မတူညီတာတွေကို ကော်မတီအနေနဲ့ အသင်းသားတွေကိုသိရှိနိုင်စေဖို့ ပွင့်လင်းမြင်သာစွာချပြထားမှု မရှိကြောင်း၊ အများစုအနေနဲ့ ပြေလည်မှုမရှိဘဲ ချေးငွေတွေထုတ်ချေးရာမှာလည်းပဲ ခြောက်လစာ အတိုးငွေတွေကို ကြိုတင်ဖြတ်တောက်မှုဆောင်ရွက်ထားခြင်းဟာ စီမံကိန်းလက်စွဲပါ ပြဋ္ဌာန်းချက်များနဲ့ အညီ ညီညွတ်မှုမရှိကြောင်း စိစစ်တွေ့ရှိခဲ့ပါတယ်။

သို့ဖြစ်တဲ့အတွက် ကြိုတင်ကောက်ယူထားတဲ့အတိုးငွေတွေကို အသင်းသားတွေပြန်ပေးဖို့၊ အမှန်ထုတ်ချေးမှုစာရင်းအတိုင်း စာရင်းဇယားတွေကို အမှန်ပြုစုရေးသွင်းဖို့၊ လက်ရှိကော်မတီအနေနဲ့ ငွေကြေးအလွဲသုံးစားပြုလုပ်ထားခြင်းမရှိသော်လည်းပဲ ချေးငွေထုတ်ချေးမှုကို ပွင့်လင်းမြင်သာစွာနဲ့ စီမံကိန်းလက်စွဲပါ ညွှန်ကြားချက်များ၊ ပြဋ္ဌာန်းချက်များအနေနဲ့ လုပ်ငန်းဆောင်ရွက်ခြင်းမရှိတဲ့အတွက် ချေးငွေစာရင်းဇယားများ တည့်မတ်ပြင်ဆင်ပြီးချိန်မှာ ပြည်သူလူထုရဲ့ ဆန္ဒသဘောထားနဲ့အညီ ကျေးရွာကော်မတီသစ်ကို ပြန်လည်ဖွဲ့စည်းဆောင်ရွက်ပေးခဲ့ပါတယ်။ ကျွန်တော်တို့ ကော်မတီသစ်ကို ၂၀၁၈ ခုနှစ်၊ ဇန်နဝါရီ ၅ ရက်နေ့မှာ ပြန်လည်ရွေးချယ်ခဲ့ပြီးတော့ အသင်းသားတွေကို ထုတ်ချေးငွေနဲ့ပတ်သက်ပြီး ပိုလျှံထုတ်ချေးငွေများကို ဘဏ်ကိုအပ်နှံစေပြီး ကြိုတင်ကောက်ခံရရှိတဲ့ အတိုးငွေတွေကိုလည်းပဲ ကော်မတီကိုလွှဲပြောင်းပေးခြင်းတို့ကို ဆောင်ရွက်ပေးခဲ့ပါတယ်။

အလားတူ ကျုံတလုတ်ကျေးရွာမှာလည်းပဲ စီမံကိန်းကျေးရွာကော်မတီဥက္ကဋ္ဌနဲ့ ဘဏ္ဍာရေးမှူး တို့ဟာ စီမံကိန်းဒေသမှာမရှိဘဲ ရန်ကုန်မှာသွားရောက်နေထိုင်လုပ်ကိုင်နေတဲ့အတွက် ကော်မတီဝင် များကိုလည်းပဲ အစားထိုးရွေးချယ်ဆောင်ရွက်ခဲ့ပြီးဖြစ်ပါတယ်။ စီမံကိန်းကျေးရွာတွေရဲ့ အခက်အခဲနှင့် စာရင်းထိန်းသိမ်းမှုအားနည်းချက်တွေကို ဖြေရှင်းဆောင်ရွက်နိုင်ဖို့အတွက် တာဝန်ခံကြီးကြပ်မှုအပိုင်း

အနေနဲ့ ကျေးလက်ဦးစီးဌာနရုံးချုပ်အနေနဲ့ သတ်မှတ်ထားတဲ့လုပ်ထုံးလုပ်နည်း၊ စည်းမျဉ်းစည်းကမ်းများအပေါ်အခြေခံပြီး ကြပ်မတ်စစ်ဆေးပေးလျက်ရှိပါတယ်။ သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်/ခရိုင်နှင့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနများအနေနဲ့ လုပ်ငန်းအကောင်အထည်ဖော်မှုအဆင့်ဆင့်မှာ အဆင့်ဆင့်အနီးကပ်ကြီးကြပ်စစ်ဆေးဆောင်ရွက်ခဲ့တာဖြစ်ပါတယ်။ မြို့နယ်ဝန်ထမ်းတစ်ဦးကို ကျေးရွာ ၅ ရွာကို ကြီးကြပ်တာဝန်ပေးထားပြီး အဆင့်ဆင့်ဆောင်ရွက်တဲ့အခါမှာလည်းပဲ ပုံမှန်စစ်ဆေးခြင်းအပြင် ရှောင်တခင်စစ်ဆေးခြင်းများကိုလည်းပဲ ကြီးကြပ်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့မေးခွန်းအပေါ်မှာ ပြန်လည်ရှင်းလင်းဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ မိုက်ပေးပါ။

**ဒေါ်သန္တာ(အိမ်မဲမြို့နယ်)**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးရှင်။ ကျွန်မကို ဆက်စပ်မေးခွန်းမေးခွင့်ပြုပါ။ ဝန်ကြီးဖြေကြားသွားတဲ့အထဲမှာ ကော်မတီတွေကို ပြန်လည်ဖွဲ့စည်းပေးတာတွေ၊ ဘာတွေလည်းတွေ့ရပါတယ်။ တကယ်တော့ ကျွန်မတို့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တွေဆိုတာကတော့ နိုင်ငံတော်ရဲ့ ဘဏ္ဍာငွေတွေအလေအလွင့်မရှိအောင် စောင့်ကြည့်ထိန်းကျောင်းရတဲ့တာဝန်အပြည့်ရှိပါတယ်။ ဒီနေရာမှာ မြစိမ်းရောင်ချေးငွေစီမံကိန်းရဲ့ ချေးငွေတွေဟာလည်း နိုင်ငံတော်ရဲ့ဘဏ္ဍာတွေဖြစ်ပါတယ်။ ဝန်ကြီးဖြေသွားတဲ့အထဲမှာဆိုလို့ရှိရင် ဒီအမှုကိုဒီလိုပဲ အလွဲသုံးစားလုပ်တယ်ဆိုတာ ပေါ်လွင်နေပါတယ်။ ဒီကော်မတီလေး ပြောင်းလဲဖွဲ့စည်းရုံနဲ့ပြီးသွားပြီလား။ နိုင်ငံတော်ရဲ့ဘဏ္ဍာကို ရည်ရွယ်ချက်၊ ရည်မှန်းချက်တွေပျောက်အောင် ဒီလိုအလွဲသုံးစား လုပ်တဲ့သူတွေကိုရောစစ်ဆေးအရေးယူမှုတွေမရှိတော့ဘူးလားဆိုတဲ့မေးခွန်းကို ဆက်စပ်မေးခွန်းအဖြစ် မေးလိုပါတယ်ရှင်။ ကျေးဇူးတင်ပါတယ်ရှင်။

**ဥက္ကဋ္ဌ**။ ။ ပြန်လည်ဖြေကြားပေးပါ။

**ဦးလှကျော်(ဒုတိယဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)**။ ။ မှန်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်ကြီး ဆက်စပ်မေးထားတဲ့မေးခွန်းနဲ့ပတ်သက်ပြီးတော့ ပြန်လည်ဖြေကြားပေးပါမယ်။ ကျွန်တော်တို့ မြစိမ်းရောင်စီမံကိန်းမှာအားနည်းချက်တွေရှိပါတယ်။ ဒီလိုအားနည်းချက်က ဘယ်သူ့ပေါ်မှာမူတည်လဲဆိုတော့ ဒီစီမံကိန်းကို ကြီးကြပ်အကောင်အထည်ဖော်ရတဲ့လုပ်ငန်းကော်မတီမှာ မူတည်ပါတယ်။ ဒီလိုအကောင်အထည်ဖော်ဆောင်ရွက်တဲ့နေရာမှာလည်းပဲ ကော်မတီဝင်တွေဟာ တွေ့ရှိရတဲ့အတွေ့အကြုံအရ ကျေးရွာသူ၊ ကျေးရွာသားတွေထက် အဆပေါင်းများစွာချေးငွေရယူထားပြီးတော့ သူတို့ကျေးရွာသားတွေအတွက်ကိုတော့ နည်းပါးတဲ့ချေးငွေတွေကိုထုတ်ချေးအတွက်ကြောင့် တိုင်ကြားလာမှုတွေတော့ရှိပါတယ်။ ကျေးရွာဘဏ်များအနေနဲ့ ကျေးရွာသူ၊ ကျေးရွာသားတွေက ဒီကော်မတီမှာ ဒီလိုမလျော်ကန်တဲ့၊ မရိုးမဖြောင့်တဲ့လုပ်ဆောင်မှုကြောင့် ချေးငွေပြန်လည်ရရှိရေးအတွက် တရားစွဲဆိုရတဲ့ဖြစ်စဉ်တွေလည်းရှိပါတယ်။ ကော်မတီဝင်တွေရှိတဲ့ကျေးရွာသားတွေအတွက်ကိုတော့ ကော်မတီက တရားစွဲဆိုရပါတယ်။ ကော်မတီဝင်က အလွဲသုံးစားလုပ်တာကျတော့ ကော်မတီဝင်အချင်းချင်းကပဲ ပြန်လည်တရားစွဲခိုင်းရပါတယ်။ ဒါကြောင့်မို့လို့ပြဋ္ဌာန်းထားတဲ့ စည်းမျဉ်းစည်းကမ်းချက်နဲ့အညီ ကျေးရွာကော်မတီဝင်တွေက အလွဲသုံးစားလုပ်မှု၊

မရိုးမဖြောင့်လုပ်တဲ့ ကျေးရွာကော်မတီဝင်၊ ကျေးရွာကော်မတီဥက္ကဋ္ဌစသည်ဖြင့် ကော်မတီမှာတာဝန်ရှိတဲ့ပုဂ္ဂိုလ်တွေကိုတော့ တရားစွဲဆောင်ရသွားနိုင်တယ်ဖြစ်ပါကြောင်း လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့မေးခွန်းကို ပြန်လည်ဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ပွင့်လင်းမြင်သာမှုလည်းမရှိ၊ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်လည်းမညီသော မြို့ကွက်သစ်စီမံကိန်းကို မည်ကဲ့သို့အရေးယူဆောင်ရွက်မည်ကို သိလိုခြင်းနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။တောင်ကုတ်မဲဆန္ဒနယ်မှ ဒေါ်နီနီမေမြင့် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဒေါ်နီနီမေမြင့်(တောင်ကုတ်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အားလုံးပဲ မင်္ဂလာပါရှင်။ ကျွန်မကတော့ ရခိုင်ပြည်နယ်၊ တောင်ကုတ်မဲဆန္ဒနယ်မှပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်နီနီမေမြင့် ဖြစ်ပါတယ်။ ကျွန်မမေးမြန်းလိုတဲ့မေးခွန်းကတော့ကျွန်မမဲဆန္ဒနယ်အတွင်းရှိ ပွင့်လင်းမြင်သာမှုလည်းမရှိ၊ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်မညီသောမြို့ကွက်သစ်အိမ်ရာစီမံကိန်းကို မည်ကဲ့သို့အရေးယူဆောင်ရွက်မည်နည်းဆိုတဲ့မေးခွန်းကို မေးမြန်းသွားမှာဖြစ်ပါတယ်ရှင့်။

ဥက္ကဋ္ဌကြီးရှင့်။ တောင်ကုတ်မြို့နယ်အတွင်း ဧရိယာ ၄၈ဝ ရှိပြီး မြို့၏တောင်ဘက်တွင်ရှိသောယခင်အစိုးရလက်ထက်မှာစတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့တဲ့ ထိုမြို့သစ်စီမံကိန်းကို ကျွန်မလွှတ်တော်ကိုယ်စားလှယ်ဖြစ်လာချိန်မှာ ပြည်သူလူထုရဲ့တိုင်ကြားချက်များ၊ မေးမြန်းတင်ပြချက်များကြောင့် မြေပြင်သွားရောက်စစ်ဆေးခြင်း၊ သက်ဆိုင်ရာဌာနများမှ တာဝန်ရှိသူများကို တွေ့ဆုံဆွေးနွေးမေးမြန်းခြင်းများ ပြုလုပ်ခဲ့ပါတယ်။ လေ့လာစုံစမ်းချက်အရ ထိုမြို့သစ်စီမံကိန်းဟာ ပွင့်လင်းမြင်သာမှုအားနည်းပြီး ပြည်သူလူထု၏သံသယမျိုးစုံဖြင့် စောင့်ကြည့်ခြင်းခံနေရသော စီမံကိန်းလည်းဖြစ်ပါတယ်ရှင်။ ၁၈၉၈ ခုနှစ်၊ မြန်မာနိုင်ငံတော်ဆိုင်ရာအက်ဥပဒေ ပုဒ်မ ၃ အရ မြို့ဆိုသည်မှာနိုင်ငံအစိုးရမင်းတို့က ယခုအက်ဥပဒေအလို့ငှာ မြို့ဖြစ်ကြောင်းနဲ့ အမိန့်ကြော်ငြာစာထုတ်ဆင့်ပြဋ္ဌာန်း သို့မဟုတ် ၁၈၉၂ ခုနှစ်၊ မြန်မာနိုင်ငံတော်အောက်ပိုင်းဆိုင်ရာ မြို့ပြအက်ဥပဒေအလို့ငှာဖြစ်စေ မြူနီစပယ်သော်လည်းကောင်း၊ မြို့သော်လည်းကောင်း တည်ထောင်သည့်ရပ်ကွက်တစ်စုံတစ်ရာကိုဆိုလိုသည်။ ထိုပြဋ္ဌာန်းချက်အရ နိုင်ငံတော်အစိုးရ၏ အမိန့်ကြော်ငြာစာများ၊ ပြဋ္ဌာန်းချက်များနဲ့အညီသာမြို့ကွက်သစ်များကို ခေါ်ဆောင်ခွင့်ရှိပါတယ်။

ထို့အပြင် အစိုးရသစ်၏မူဝါဒအရ ပွင့်လင်းမြင်သာပြီးကောင်းမွန်တောင့်တင်းသည့်စနစ်တစ်ရပ်ကို ဦးတည်နေချိန်မှာ ထိုသို့ပွင့်လင်းမြင်သာမှုအားနည်းပြီး ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်မညီညွတ်သော မြို့ပြစီမံကိန်းများကို ပြန်လည်စိစစ်သင့်ပါတယ်။ တွေ့ရှိချက်အရ စီမံကိန်းအနေနဲ့သာခွင့်ပြုခဲ့ပြီး ထိုစီမံကိန်းကိုအကောင်အထည်ဖော်မည့် မြေဧရိယာမှာ ခနိမြေ၊ လယ်ယာမြေနဲ့မြေလွတ်မြေရိုင်းစသည်ဖြင့်ပါဝင်နေပါတယ်။ အဲဒီထဲကမှ ခနိမြေ ၅.၁၉ ဧကအတွက်သာ အခြားနည်းသုံးစွဲခွင့်ရရှိခဲ့ပြီး ကျန်ဧကများအတွက် အခြားနည်းသုံးစွဲခွင့်မရရှိသေးဘဲ ဒီစီမံကိန်းကို ဥပဒေမဲ့အကောင်အထည်ဖော်နေခြင်းသာဖြစ်ပါတယ်။ ၂ဝ၁၂ ခုနှစ်၊ လယ်ယာမြေဥပဒေအရ အခြားနည်းသုံးစွဲခွင့်မရှိဘဲ သုံးစွဲလျှင် ဘယ်လိုပြစ်ဒဏ်ရှိတယ်ဆိုတာကို ဥပဒေမှာတိတိကျကျဖော်ပြထားပြီးလည်းဖြစ်ပါတယ်ရှင့်။

ဥက္ကဋ္ဌကြီးရှင့်။ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်၊ အမျိုးသားစီမံကိန်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနရဲ့ မြေယာအသုံးချမှုနဲ့ စီမံခန့်ခွဲမှုဆိုင်ရာမူဝါဒအရ အမျိုးသားမြေအသုံးချမှု မူဝါဒနှင့်အညီ ဆောင်ရွက်ရေးကို ဦးတည်သည်ဆိုပြီးလည်း ပါရှိပါတယ်။ အမျိုးသားမြေအသုံးချမှု မူဝါဒရဲ့လမ်းညွှန်မှုများ ၇(ခ)တွင် မြေနှင့်သဘာဝအရင်းအမြစ်များ စီမံအုပ်ချုပ်ရာတွင် ပွင့်လင်း မြင်သာမှု၊ တာဝန်ခံမှု၊ တာဝန်ယူမှုခိုင်မာစေရန်ဟူသောအချက်လည်း ပါဝင်ပါတယ်။

ဥက္ကဋ္ဌကြီးရှင့်။ Power Point သုံးစွဲခွင့်ပြုပါရှင်။ ဒါကတော့ စီမံကိန်းဧရိယာထဲမှာ အခိုင် အမာအုတ်တံတိုင်းနဲ့ကာရံထားတဲ့မြေကွက်တွေနဲ့ လမ်းဖောက်လုပ်ထားတဲ့ပုံ ဖြစ်ပါတယ်။ ဒါကလည်း စီမံကိန်းဧရိယာထဲမှာဆောင်ရွက်နေတဲ့ လမ်းတွေ၊ မြောင်းတွေပဲ ဖြစ်ပါတယ်ရှင်။ ဒါကလည်း အခိုင်အမာအုတ်တံတိုင်းကာရံထားတဲ့ မြေကွက်တွေဖြစ်ပါတယ်။ ဒါလည်း လမ်းတွေဖောက်လုပ် ထားတာဖြစ်ပါတယ်။ ခြတ်တိုင်တွေနဲ့ပေါ့။ ဒါကလည်း လမ်းကနေဖောက်ထားတာဖြစ်ပါတယ်။ ဒါလည်းလမ်းဖောက်ထားခြင်းပဲဖြစ်ပါတယ်။ ဒါလည်း လမ်းနဲ့ရှေ့ကဆိုရင် မြေကွက်တွေကို အုတ်တံတိုင်းနဲ့ကာရံထားတာဖြစ်ပါတယ်။ ဒါဆိုလို့ရှိရင် တောင်ကုတ်ခုတင်(၁၀၀)ဆေးရုံ ဆောက်လုပ် နေတဲ့ နဂိုမူလတုန်းက ၄၈၀ ဧရိယာထဲမှာပါတယ်။ တကယ့်တကယ်အကောင်အထည်ဖော်ခဲ့တဲ့ နေရာမှာတော့ တည်နေရာကိုချန်လှပ်ထားခဲ့တာ ဖြစ်ပါတယ်။ ဒါပေမဲ့ ဆေးရုံရဲ့နောက်ဆုံးတောင်ကုန်း လေးက သုသာန်ပဲဖြစ်ပါတယ်။ ဆေးရုံနဲ့ဆက်နေပါတယ်။ ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌကြီးရှင်။ ယခုတင်ပြခဲ့သောပုံများမှာ အခြားနည်းသုံးစွဲခွင့်မရရှိသေးဘဲ ခုထိလယ်ယာမြေ၊ မြေလွတ်မြေရိုင်းအဖြစ်သာရှိနေသေးပါတယ်။ ထို့ကြောင့် ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်မညီဘဲ ဥပဒေမဲ့မြို့ကွက်သစ်ဖော်ဆောင်နေခြင်းသည် တစ်ချိန်တွင် တရားဥပဒေစိုးမိုးရေးနဲ့ ငြိမ်းချမ်းရေးကို ထိခိုက်နိုင်ပါတယ်။ သို့ဖြစ်ပါ၍ မဲဆန္ဒရှင်ပြည်သူများကိုယ်စား ဥက္ကဋ္ဌကြီးမှတစ်ဆင့် ဤမေးခွန်းကို မေးမြန်းရခြင်းဖြစ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါ တယ်။

## ဖြေကြားချက်

**ဦးလှကျော်(ဒုတိယဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)**။ ။ လေးစား အပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်ကြီးများခင်ဗျား။ ရခိုင် ပြည်နယ်၊ တောင်ကုတ်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်နီနီမေမြင့်ရဲ့မေးခွန်းနဲ့ ပတ်သက်ပြီး ပြည်ထဲရေးဝန်ကြီးဌာနနဲ့ ရခိုင်ပြည်နယ်အစိုးရအဖွဲ့တို့ရဲ့ဖြေကြားချက်များနှင့်အတူ ပေါင်းစပ်ဖြေကြားအပ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ တောင်ကုတ်မြို့နယ်ရဲ့မြို့ကွက်သစ်ကို ယခင်ကာလ ၂၀၁၄-၂၀၁၅ ခုနှစ် ရခိုင်ပြည်နယ်အစိုးရအဖွဲ့ရဲ့အစီအမံနဲ့ ထာဝရအောင်မြေအများပိုင်ကုမ္ပဏီက အကောင်အထည်ဖော် ဆောင်ရွက်ဖို့ စတင်ဆောင်ရွက်ခဲ့ကြောင်း စိစစ်သိရှိရပါတယ်။ မြို့ကွက်သစ်အဖြစ်ဆောင်ရွက်မယ့် ဧရိယာကိုစိစစ်တဲ့အခါမှာ မြေဧရိယာစုစုပေါင်း ၃၁၉.၁၈ ဧကရှိပါတယ်။ ယင်းအနက်ကနေ လယ်မြေ က ဧက ၁၉၀ ကျော်ဖြစ်ပါတယ်။ ခနီမြေက ၅ ဧကကျော်နဲ့ မြေလွတ်မြေရိုင်းက ၁၂၃ ဧကပါဝင်

ကြောင်းသိရှိရပါတယ်။ ဒီမြို့ကွက်သစ်ဖော်ထုတ်ရေးမှာ ပါတဲ့လယ်မြေနဲ့ ဓနိမြေတို့ကို ထာဝရအောင်မြေ အများပိုင်ကုမ္ပဏီက လယ်သမားတွေထံက နှစ်ဦးသဘောတူဝယ်ယူထားခဲ့ကြောင်း။ ဒီဝယ်ယူထားတဲ့ မြေများကိုအခြားနည်းအသုံးပြုခွင့်ရရှိရေးအတွက် တင်ပြဆောင်ရွက်တဲ့အခါမှာ ဓနိမြေနဲ့ပတ်သက် ပြီးတော့ ပြည်နယ်အစိုးရအဖွဲ့အနေနဲ့ ယင်းရဲ့လုပ်ပိုင်ခွင့်ဘောင်အတွင်းက ခွင့်ပြုပေးထားပြီး ဖြစ်ကြောင်းလည်း စိစစ်သိရှိရပါတယ်။ လယ်ယာမြေ ၁၉၀.၇၉ ဧကကိုတော့ အခြားနည်းအသုံးပြုဖို့ အမှုတွဲဖွင့်လှစ်ဆောင်ရွက်ခဲ့စဉ်က တောင်ကုတ်မြို့နယ် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းဦးစီးဌာန က ၁၀-၂-၂၀၁၆ ရက်နေ့မတိုင်မီက ဘယ်သူမဆိုလာရောက်ကန့်ကွက်နိုင်ကြောင်းနဲ့ ကန့်ကွက်လိုတဲ့ လူကကန့်ကွက်နိုင်တဲ့ထုတ်ဆင့်ထားတဲ့ကြော်ငြာစာကို မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်း ဦးစီးဌာနမှာ သက်ဆိုင်ရာကျေးရွာအုပ်ချုပ်ရေးရုံးတွေမှာ လုပ်ထုံးလုပ်နည်းနှင့်အညီ ပွင့်လင်းမြင်သာ စွာ ကန့်ကွက်လျှောက်လွှာခေါ်ယူခဲ့ကြောင်း သိရှိရပါတယ်။ မည်သူတစ်ဦးတစ်ယောက်မှကန့်ကွက်သူ မရှိကြောင်းလည်းပဲ စိစစ်တွေ့ရှိရကြောင်း တင်ပြအပ်ပါတယ်။ ဒီလယ်ယာမြေ ၁၉၀ ဧကကို အခြားနည်းအသုံးပြုခွင့်လျှောက်ထားတဲ့ကိစ္စကတော့ လက်ရှိအခြေအနေမှာ မြို့နယ်လယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့ကနေ စိစစ်တင်ပြချက်အပေါ် ခရိုင်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့တွေက စိစစ် ဆောင်ရွက်လျက်ရှိပါတယ်။ လက်ရှိအခြေအနေမှာ မြေကွက်နဲ့ပတ်သက်ပြီး မြေပုံပေါ်မှာဒီဇိုင်းရေးဆွဲ ခြင်း၊ ပုံဖော်ခြင်းများ ဆောင်ရွက်ထားမှုရှိပါတယ်။ မြေပြင်မှာလမ်းများဖောက်လုပ်ဆောင်ရွက်ဆဲဖြစ်တဲ့ အခြေအနေဖြစ်ကြောင်းလည်း လွှတ်တော်ကိုယ်စားလှယ်ကြီးတင်ပြထားချက်အရလည်းပဲ သိရှိရပါ တယ်။ မြို့ကွက်သစ်ဖော်ထုတ်မှုနှင့်ပတ်သက်ပြီး ပြည်နယ်အစိုးရအဖွဲ့ကလည်း ကွင်းဆင်းဆောင်ရွက် လျက် ရှိကြောင်းသိရှိရပါတယ်။ တောင်ကုတ်မြို့ မြို့ကွက်သစ်အကောင်အထည်ဖော်မှုအခြေအနေနဲ့ ပတ်သက်ပြီး မေးခွန်းရှင်ဖြစ်တဲ့ တောင်ကုတ်မဲဆန္ဒနယ် လွှတ်တော်ကိုယ်စားလှယ်အနေနဲ့ ပြည်နယ် အစိုးရအဖွဲ့နဲ့ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီး၊ စည်ပင်သာယာရေးဝန်ကြီးပါတဲ့ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိတဲ့ ထာဝရမြေအများပိုင်ကုမ္ပဏီကိုလည်းပဲ အဖွဲ့နဲ့ ပြီးခဲ့တဲ့ဒီဇင်ဘာလ ၁၈ ရက် ကနေပြီးတော့ ကွင်းဆင်းဆောင်ရွက်ခဲ့တဲ့အခြေအနေမျိုးလည်းပဲ ရှိကြောင်းသိရပါတယ်။

တောင်ကုတ်မြို့ မြို့ကွက်သစ်ဖော်ထုတ်ရေးလုပ်ငန်းမှာ ၂၀၁၄ ခုနှစ်မှာ ပြည်နယ်အစိုးရအဖွဲ့ အနေနဲ့ မူအားဖြင့်ခွင့်ပြုတဲ့အပေါ်မှာ လုပ်ငန်းကိုအကောင်အထည်ဖော် ဆောင်ရွက်တဲ့ Developer အဖြစ် ထာဝရအောင်မြေကုမ္ပဏီကို တာဝန်ပေးခဲ့တာဖြစ်တဲ့အတွက်ကြောင့် ယင်း Developer အဖြစ် ဆောင်ရွက်တဲ့ ထာဝရအောင်မြေကုမ္ပဏီကနေပြီးတော့ မြို့ကွက်သစ်ဖော်ထုတ်တဲ့မြေဧရိယာမှာပါတဲ့ လယ်မြေ ၁၉၀ ကျော်ကို လယ်သမားများထံကနေ နှစ်ဦးသဘောတူဝယ်ယူပြီးတော့ အခြားနည်းအသုံး ပြုခွင့်ရရှိရေးအတွက် မြေလွတ်မြေရိုင်း ၁၂၃ ဧကအတွက်ကိုလည်းပဲ လုပ်ထုံးလုပ်နည်းနှင့်အညီ ခွင့်ပြုမိန့်ရရှိရေးအတွက် တင်ပြဆောင်ရွက်လျက်ရှိတဲ့အခြေအနေဖြစ်ပါတယ်။ ဒီနေရာမှာရှင်းလင်း တင်ပြလိုပါတယ်။ မြို့ပြစီမံကိန်းတွေရေးဆွဲတဲ့အခါမှာ သက်ဆိုင်ရာမြို့မှ လွှတ်တော်ကိုယ်စားလှယ် တွေ၊ မြို့မိမြို့ဖတွေ၊ လူမှုရေးအသင်းအဖွဲ့များနဲ့ဦးစွာတွေ့ဆုံပြီး ၎င်းတို့ရဲ့မြို့ပြဖွံ့ဖြိုးမှုအပေါ်မှာ ထားရှိတဲ့အတွေးအမြင်၊ လိုလားချက်နဲ့ အကြံပြုချက်တွေကိုအခြေခံပြီး မြို့ပြဖွံ့ဖြိုးရေးစီမံကိန်းကို ရေးဆွဲရကြောင်းသိရှိရပါတယ်။ ဒီမူကြမ်းကို တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့က တင်ပြပြီး တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့ရဲ့မြို့ပြစီမံကိန်းသဘောထားပုံစံကို အပြီးသတ်ရေးဆွဲမှုနှင့်အတူ

တိုင်းဒေသကြီး/ပြည်နယ်လွှတ်တော်မှာအတည်ပြုချက်ရယူရပါကြောင်း၊ လွှတ်တော်အတည်ပြုချက်ကို ပြည်သူကိုချပြပြီးတော့မှ ဆောင်ရွက်ရပါကြောင်းသိရှိရပါတယ်။

မိမိတို့ဝန်ကြီးဌာနအနေနဲ့ လုပ်ငန်းများအကောင်အထည်ဖော်မှုမှာတော့ မြေအသုံးချမှုနှင့် စပ်လျဉ်းပြီး အသုံးပြုမယ့်လယ်ယာမြေအတွက် ပြည်နယ်အစိုးရအဖွဲ့ဝန်ကြီးချုပ် ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်တဲ့ ပြည်နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ စိစစ်တင်ပြချက်၊ မြေလွတ်မြေရိုင်းများအတွက် မြေလွတ်မြေရိုင်းများစီမံခန့်ခွဲရေးအဖွဲ့ကို ပြန်ပြီးတော့တင်ပြဖို့လိုပါတယ်။ ဒီလို တင်ပြလာတဲ့အခါမှာ မိမိတို့ဗဟိုအဆင့်မှာရှိတဲ့ မြေလွတ်၊ မြေလပ်၊ မြေရိုင်းများ စီမံခန့်ခွဲရေးအဖွဲ့ရယ်၊ ဗဟိုလယ်ယာမြေ စီမံခန့်ခွဲရေးအဖွဲ့ကနေပြီးတော့ စိစစ်ပြီးတော့ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်နိုင်မှုရှိ/မရှိ၊ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်ထားသော်လည်းပဲ ဒီစီမံကိန်းက အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် မိမိတို့ရဲ့မြေအသုံးချမှုနှင့်ပတ်သက်ပြီး ဆက်စပ်ပြီးတော့မှ စိစစ်ခွင့်ပြုရတဲ့ အခြေအနေဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့ မေးခွန်းနဲ့စပ်လျဉ်းပြီးတော့ စနစ်တကျအကောင်အထည်ဖော် ဆောင်ရွက်ဖို့လိုအပ်ပါကြောင်းနဲ့ ပြည်နယ်အစိုးရအဖွဲ့က နေပြီးတော့ သက်ဆိုင်ရာပြည်ထောင်စုအဆင့်ကိုတင်ပြပြီး ခွင့်ပြုချက်ရယူဆောင်ရွက်သွားရမယ့် အခြေအနေဖြစ်ပါကြောင်း ပြန်လည်ရှင်းလင်းတင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ မိုက်ပေးပါ။

**ဒေါ်နီနီမေမြင့်(တောင်ကုတ်မဲဆန္ဒနယ်)**။ ။ ကျွန်မကို တစ်ဆက်တစ်စပ်တည်းမေးခွန်း မေးမြန်းခွင့်ပြုပါရှင်။ ကျွန်မမေးတဲ့ထဲမှာ ပွင့်လင်းမြင်သာမှုလည်းမရှိ၊ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့် မညီသော မြို့ကွက်သစ်အိမ်ရာစီမံကိန်းကို မည်ကဲ့သို့အရေးယူဆောင်ရွက်မည်နည်းဆိုတဲ့ဟာကို ကျွန်မမေးခဲ့တာဖြစ်ပါတယ်။ အဲဒီတော့ ကျွန်မကို Power Point လေးတစ်ချက်လောက် ပြန်ပြပေးပါ။ ဒါတွေဆိုရင် လမ်းတွေ။ ရှေ့မှာဆိုရင် မြေကွက်တွေ၊ အုတ်တံတိုင်းတွေ။ အဲဒီတုန်းကပေါ့။ လ/ယ(၃၀) လယ်ယာမြေ အခြားနည်းသုံးစွဲခွင့်မရရှိသေးဘဲနဲ့ ကျွန်မတို့ခြံခတ်ခွင့်ရှိသလားပေါ့နော်။ ဒီလို အုတ်တံတိုင်းတွေ အခိုင်အမာခတ်ထားခွင့်ရှိသလားပေါ့။ နောက်ပြီးတော့ ဒါတွေကလည်း လမ်းတွေဖော်ထားတာ၊ မြောင်းတွေဖောက်ထားတာဖြစ်ပါတယ်။ အဲဒီတော့ ကျွန်မတို့လယ်ယာမြေ ဥပဒေ အခန်း(၄)မှာ ပုဒ်မ ၁၂၊ ပုဒ်မ ၁၉၊ ပုဒ်မ ၃၇ မှာ လယ်ယာမြေကို အခြားနည်းသုံးစွဲခွင့်မရသေး ဘဲနဲ့ ဒီလိုမျိုးဖောက်လုပ်ထားတာတွေ၊ ဒီလိုမျိုးလုပ်ဆောင်ထားတာတွေရှိလို့ရှိရင် ဘယ်လိုပြစ်မှု၊ ပြစ်ဒဏ်တွေရှိတယ်ဆိုတာကို တိတိကျကျပါရှိပါတယ်။ တကယ်တော့ ဓနိမြေ ၅.၁၉ ဧကအတွက်သာ အခြားနည်းသုံးစွဲခွင့်ကို ရရှိထားတာဖြစ်ပါတယ်။ ဒီဟာမှာ မြေလွတ်၊ မြေရိုင်း ၁၂၃.၂၀ ဧက၊ လယ်ယာမြေ ၁၉၀.၇၉ ဧက အတွက်ကမရရှိသေးပါဘူး။ ဒါကြောင့်မို့လို့ ဒီလိုလယ်ယာမြေကို အခြားနည်းသုံးစွဲခွင့်မရသေးဘဲနဲ့ ဒီလိုလမ်းတွေဖောက်တာတို့၊ ဒီလိုအုတ်တံတိုင်းတွေကာထားတာ တို့ကို လုပ်ဆောင်ခွင့်ရှိပါသလား။ ဒီအတွက်ရော ရှိ/မရှိ၊ မရှိဘူးဆိုရင်လည်း ဘယ်လိုမျိုးအရေးယူ မလဲဆိုတာကို ကျွန်မတို့သိချင်ပါတယ်။ ဘယ်တော့အရေးယူမှာလဲ။ ဒါတွေကို ကျွန်မအနေနဲ့ သိချင် ပါတယ်။ ဖြေကြားပေးပါ။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပြန်လည်ဖြေကြားပေးပါ။

**ဦးလှကျော်(ဒုတိယဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)**။ ။ လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့ ဆက်စပ်မေးခွန်းနဲ့ပတ်သက်ပြီးတော့ ရှင်းလင်းဖြေကြားပေးပါမယ်။ မြို့ကွက်သစ်ဖော်ထုတ်တဲ့ကိစ္စမှာ ခုနကတင်ပြတဲ့အထဲမှာလည်းပါပါတယ်။ မြို့ပြစီမံကိန်းရေးဆွဲရာမှာ မြို့ကွက်သစ်ဖော်ထုတ်ရေးစီမံကိန်းကို သက်ဆိုင်ရာပြည်နယ်အစိုးရအဖွဲ့ကနေပြီးတော့ ဗဟို ခွင့်ပြုချက်ရယူပြီးတော့ လိုအပ်တဲ့ဝန်ကြီးဌာနတွေနဲ့ ပေါင်းစပ်ဆက်စပ်ညှိနှိုင်းပြီးတော့မှ ဆောင်ရွက် ခွင့်ပြုရတာဖြစ်ပါတယ်။ ခွင့်ပြုချက်မရရှိသေးဘဲနဲ့ ဆောင်ရွက်တဲ့ကိစ္စဟာ ပြည်နယ်အစိုးရအဖွဲ့က နေပြီးတော့ တားထားရမှာဖြစ်ပါတယ်။ ပြည်နယ်အစိုးရအဖွဲ့က တားထားတာနဲ့အညီ ကျွန်တော်တို့ မြေလွတ်၊ မြေလပ်၊ မြေရိုင်းများစီမံခန့်ခွဲရေးအဖွဲ့ လယ်ယာမြေဥပဒေမှာပါတဲ့အတိုင်းပဲ အစိုးရခွင့်ပြု ထားတဲ့ ဥပဒေနဲ့ညီညွတ်တဲ့ အခြားလုပ်ငန်းများနှင့်ပတ်သက်ပြီးတော့ ပြည်ထောင်စုအစိုးရ၊ သက်ဆိုင်ရာဝန်ကြီးဌာနနဲ့ ညှိနှိုင်းအတည်ပြုချက်ရယူရမှာဖြစ်ပါတယ်။ ညှိနှိုင်းအတည်ပြုချက်ရယူ ပြီးမှသာလျှင် ဒီစီမံကိန်းကိုအကောင်အထည်ဖော်ရမယ့်အခြေအနေဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ မည်သို့အရေးယူဆောင်ရွက်မည်ဆိုတဲ့အခါမှာ ကျွန်တော်တို့သတ်မှတ်ထားတဲ့ ဥပဒေ၊ လုပ်ထုံး လုပ်နည်း၊ စည်းမျဉ်းစည်းကမ်းနှင့်အညီ ညီညွတ်မှုမရှိဘူးဆိုရင် သက်ဆိုင်ရာပြည်နယ်အစိုးရအဖွဲ့က နေပြီးတော့ တားထားရမှာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့ဆက်စပ် မေးခွန်းကို ပြန်လည်ဖြေရှင်းအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဒီကိစ္စက တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ အရေးကြီးပါတယ်။ ဒီဟာမျိုးတွေက က ကျန်တဲ့ပြည်နယ်နဲ့တိုင်းဒေသကြီးတွေမှာဖြစ်နေပါတယ်။ လယ်ယာမြေတွေကို မြို့ကွက်သစ်တွေ၊ အိမ်ရာစီမံကိန်းတွေ ပြည်ထောင်စုအစိုးရရဲ့ ခွင့်ပြုချက်မရှိဘဲနဲ့၊ ခုနကသက်ဆိုင်ရာဝန်ကြီးဌာန ကလည်း မသိဘဲနဲ့၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်ကလည်း မသိဘဲနဲ့ ဒီလိုလုပ်တယ်ဆိုရင် တစ်နိုင်ငံလုံးအတိုင်းအတာမှာ စိုက်ပျိုးမြေတောင်ကျန်မှာမဟုတ်တော့ဘူး။ လယ်ယာမြေတောင်ကျန် မှာမဟုတ်တော့ဘူး။ စိုက်ဖို့၊ ပျိုးဖို့တောင်ရှိမှာမဟုတ်တော့ဘူး။ ဒါကြောင့်မို့လို့ ဒီမေးခွန်းက တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ အလွန်အရေးကြီးတယ်။ အခုကိုယ်စားလှယ်က မေးပြီ၊ ဆွေးနွေးပြီ၊ တင်ပြပြီ။ ပြည်နယ်အစိုးရတားရမယ်၊ ဆီးရမယ်။ မှန်ပါတယ်။ အခုသက်ဆိုင်ရာဝန်ကြီးဌာနက သိရှိပြီ ဒီအကြောင်းကို။ သက်ဆိုင်ရာဝန်ကြီးဌာနက အဲဒီပြည်နယ်/တိုင်းဒေသကြီးအစိုးရကို မိမိပြည်ထောင်စု အစိုးရရဲ့ခွင့်ပြုချက်လည်းမရှိဘဲနဲ့၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်ကလည်းမသိဘဲနဲ့၊ အဲဒီလို ဥပဒေတွေနဲ့လည်း လယ်ယာမြေဥပဒေနဲ့လည်း အခြားနည်းသုံးစွဲခွင့်ညီညွတ်မှုမရှိဘဲနဲ့ သိနေပြီ၊ ကြားနေပြီဆိုရင် ပြည်ထောင်စုအစိုးရဌာနအနေနဲ့ အဲဒီသက်ဆိုင်ရာပြည်နယ်/တိုင်းဒေသကြီးအစိုးရကို တားဖို့မလိုအပ်ဘူးလား။ ညွှန်ကြားဖို့မလိုအပ်ဘူးလား။ ပြည်နယ်/တိုင်းဒေသကြီးအစိုးရက တားရမယ် ဆိုပြီးတော့ ဒီလို ကျွန်တော်တို့ ဆင်ဝှေ့ရန်ရှောင်တွေ အလုပ်လုပ်လို့တော့ မရနိုင်ဘူး။ လက်တွေ့ကျကျ ကျွန်တော်ပြောမယ်။ ဒုတယဝန်ကြီးသိပါတယ်။ မကြာခင်ကလည်း တိုင်းတစ်တိုင်းမှာ ဒီလို လုပ်လို့ ပြည်နယ်/တိုင်းဒေသကြီးအစိုးရကို ပြည်ထောင်စုအစိုးရဘက်ကပဲ၊ မိမိတို့ဌာနဘက်ကပဲ ဥပဒေ အကိုးအကားတွေနဲ့ တားမြစ်လိုက်ရတာရှိပါတယ်။ မကြာပါဘူး။ ပြန်လေ့လာကြည့်လိုက်။ အဲဒီတော့ အခုလည်း ဒါသိပြီဆိုရင် ပြည်ထောင်စုအစိုးရ၊ သက်ဆိုင်ရာဝန်ကြီးဌာနက တာဝန်ယူပြီးတော့ ညွှန်ကြားရမှာပေါ့။ တာဝန်ယူပြီးတားရမှာပေါ့။ ပြည်နယ်/တိုင်းဒေသကြီးအစိုးရ တားပါလိမ့်မယ်

ဆိုလို့တော့မရဘူး။ ဥပဒေနဲ့မညီရင် မညီတဲ့အတိုင်းပဲ။ ကိုယ့်ဝန်ကြီးဌာနက ပြည်ထောင်စုအစိုးရလည်း မသိဘူး။ ပြည်ထောင်စုဝန်ကြီးဌာနလည်းမသိဘူး။ ကျွန်တော်အခုနကပြောသလို မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်လည်းမသိဘူး။ တချို့က လယ်ယာမြေတွေကို အဲဒီလိုပဲ လိုက်လုပ်နေတယ်။ အဲဒါဆိုရင် စိုက်ပျိုးမြေတောင်ကျန်မှာမဟုတ်တော့ဘူး။ ကျွန်တော်တို့ အဲဒါလေးကိုတော့ အထူးအလေးအနက်ထားပြီးတော့ ပြန်လည်စဉ်းစားပေးစေချင်ပါတယ်။ ကျွန်တော်ပြောတဲ့ ပြန်လည်စဉ်းစားပေးစေချင်တယ်ဆိုတာ ပြည်နယ်/တိုင်းဒေသကြီးအစိုးရက တားပါလိမ့်မယ်ဆိုတဲ့အဖြေမျိုးလောက်နဲ့တော့ မလုံလောက်ဘူး။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနမှာ လုံးဝတာဝန်ရှိတယ်။ မသိတာက အကြောင်းမဟုတ်ဘူး။ ဒီနေ့သိပြီ။ လွှတ်တော်မှာတရားဝင်မေးပြီ၊ တရားဝင်ပြောပြီ၊ အထောက်အထားတွေလည်းပြပြီ။ အဲဒါကို မေးခွန်းရှင်ကလည်း ဒီမှာမေးရုံနဲ့ မတင်းတိမ်နေပါနဲ့။ အဲဒီအထောက်အထားအတိုင်း၊ အဲဒီပါတဲ့အတိုင်းပဲသေချာရေး၊ သက်ဆိုင်ရာဝန်ကြီးဌာနပို့၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်ပို့၊ ပြည်ထောင်စုအစိုးရက တာဝန်ရှိတဲ့ပုဂ္ဂိုလ်ကိုပို့ မိတ္တူကိုကျွန်တော့်ဆီပေးပါ။

**ပေါင်မြို့နယ်တွင် နွေစပါးစိုက်ပျိုးသည့်တောင်သူများ၏ စိုက်ပျိုးမြေများ ရေဖူလုံစွာရရှိရေးအတွက် ကတိုက်ဆည်မှ ရေလုံလောက်စွာ ဖြန့်ဝေပေးနိုင်မည့်နည်းလမ်းသစ်များ ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်ပေးရန်အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ပေါင်မဲဆန္ဒနယ်မှ ဒေါ်မိကွန်ချမ်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဒေါ်မိကွန်ချမ်း(ပေါင်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများအားလုံး မင်္ဂလာပါရှင်။ ကျွန်မကတော့ ပေါင်မဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်မိကွန်ချမ်း ဖြစ်ပါတယ်။ ကျွန်မမေးလိုတဲ့ မေးခွန်းကတော့ ကျွန်မတို့ ပေါင်မြို့နယ်မှာ နွေစပါးစိုက်ပျိုးတဲ့ တောင်သူများရဲ့ စိုက်ပျိုးမြေ ရေဖူလုံစွာ ရရှိရေးအတွက် ကတိုက်ဆည်မှ ရေလုံလောက်စွာဖြန့်ဝေပေးနိုင်မယ့် နည်းလမ်းသစ်များ ချမှတ်အကောင်အထည်ဖော်ပေးနိုင်မယ့် အစီအစဉ်ရှိ/မရှိ မေးလိုခြင်းဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးရှင့်။ မွန်ပြည်နယ် ကျွန်မတို့ပေါင်မြို့နယ်မှာဆိုရင် ပြည်သူတွေဟာ လယ်ယာစိုက်ပျိုးရေးကိုသာ အားထားနေရပြီး ယခင်ကဆိုရင် မိုးစပါးအထွက်ကောင်းတဲ့အတွက်ကြောင့် မိုးစပါးကို အဓိကထားစိုက်ပျိုးနေရပါတယ်။ နောက်ပိုင်းကျတော့ တဖြည်းဖြည်း ချောင်း၊ မြောင်းတွေ နုန်းတင်လာတဲ့အတွက် ပင်လယ်ဆားငံရည်တွေတက်လာတဲ့အတွက်ကြောင့် မိုးရာသီမှာဆိုရင် ရေကြီးရေလျှံမှုနဲ့ ကြုံတွေ့လာရပါတယ်။ ဒါကြောင့် စပါးအထွက်နှုန်းတွေ ကျဆင်းလာတဲ့အတွက်ကြောင့် မိုးစပါးကို စိုက်ပျိုးတဲ့လူတွေဆုံးရှုံးမှုနဲ့ကြုံတွေ့နေရပါတယ်။ ၂၀၀၄ ခုနှစ်မှာ ကတိုက်ဆည်ကို တည်ဆောက်ပြီး နွေစပါးအတွက်ကို ဧက ၁၀၀၀၀ စီမံကိန်းဧရိယာသတ်မှတ်ပြီး နွေစပါးစိုက်ပျိုးနိုင်ရန် စီစဉ်ပေးခဲ့ပါတယ်။

Power Point အသုံးပြုခွင့်ပြုပါရှင်။ ဒါကတော့ ကျွန်မတို့ ကတိုက်ဆည်ကနေပြီးတော့ ပေါင်မြို့နယ်မှာရှိတဲ့ လယ်မြေတွေကို တူးမြောင်းကြီးကနေတစ်ဆင့် တူးမြောင်းငယ်တွေနဲ့ ကျွန်မတို့ ရေပေးဝေတဲ့ပုံစံဖြစ်ပါတယ်။ ဒီတူးမြောင်းတွေက တဖြည်းဖြည်းကောလာတဲ့အတွက်ကြောင့်မို့လို့ စိုက်ပျိုးတဲ့ လယ်သမားတွေက ရေကြီးရေလျှံမှုနဲ့ကြုံတွေ့နေရပါတယ်။ အခက်အခဲတွေမျိုးစုံကြုံတွေ့ရ

တယ်။ နှစ်တိုင်းကတော့ ကျွန်မတို့ တူးမြောင်းကို တူးဖော်ဖို့အတွက် ဘတ်ဂျက်တွေချပေးပေမဲ့လည်း ထိရောက်မှုမရှိပါဘူး။ အမြဲတမ်း မိုးတွင်းရောက်တိုင်း စပါးတွေရေမြုပ်တယ်။ စပါးတွေဆုံးရှုံးမှုတွေနဲ့ ကြုံတွေ့ရတဲ့အတွက် လယ်သမားတွေဟာ မိုးစပါးကို အဓိကထားပြီးတော့ မစိုက်ပျိုးတော့ပါဘူး။ နွေစပါးကိုသာ အဓိကထားစိုက်ပျိုးနေရပါတယ်။ ကျွန်မတို့ရဲ့ ပေါင်မြို့နယ်မှာဆိုရင် ဒီအစိမ်းရောင်ပြထားတာကတော့ ဧက ၁၀၀၀၀ ကို သတ်မှတ်ပြီးတော့ စီမံကိန်းဧရိယာအဖြစ် သတ်မှတ်ပြီး စိုက်ပျိုးနေရပါတယ်။ တကယ်တမ်းကျတော့ စိုက်ပျိုးတဲ့ဧရိယာက ဧကပေါင်း ၃၀၀၀၀ နီးပါး လောက်ရှိပါတယ်။ အခု လျှာထားချက် နောက်ထပ်တိုးပြီးတော့ အဝါရောင်သတ်မှတ်ထားတာကတော့ ဒါတိုးချဲ့ပြီး ပေးမယ့်ရေဧရိယာဖြစ်ပါတယ်။ ကျွန်မတို့ အခုပေါင်မြို့နယ်မှာဆိုရင် ဧရိယာသတ်မှတ်ထားတာ ၁၀၀၀၀ ဖြစ်ပေမဲ့လည်း ဒီ ၁၀၀၀၀ ကလည်း ၂၀၀၄ ခုနှစ်ကတည်းက သတ်မှတ်ထားတာပါ။ ဒါပေမဲ့ စိုက်ပျိုးတဲ့ လူဦးရေတိုးမြင့်လာတာရယ်၊ လယ်မြေတွေ တိုးမြင့်လာတာရယ် ဒီမြေနုကျွန်းတွေ ထွက်လာတဲ့အတွက်ကြောင့် လယ်စပါးစိုက်ပျိုးတဲ့လူတွေက ပိုပြီးတော့ အားစိုက်လာတဲ့အတွက်ကြောင့် ကျွန်မတို့တွေ နွေရာသီရောက်တိုင်း ရေပြဿနာတွေနဲ့ ကြုံတွေ့နေရပါတယ်။ ကတိုက်ဆည်ကလည်း တဖြည်းဖြည်းရေလှောင်ကန်ကနေပြီးတော့ ရေလှောင်တဲ့ပမာဏကလည်း နည်းလာတယ်။ နောက်ချောင်း၊ မြောင်းတွေကောတဲ့အတွက်ကြောင့် ရေထိန်းသိမ်းမှုကလည်း နည်းလာတဲ့အတွက်ကြောင့် ရေပေးဝေမှုက မလုံလောက်တဲ့ပြဿနာ တောင်သူတွေအချင်းချင်းစိတ်ဝမ်းကွဲပြီး ခိုက်ရန်ဖြစ်ပွားတဲ့အထိ ရေလုပွဲပြဿနာတွေကြီးထွားလာပါတယ်။ တစ်နှစ်နဲ့တစ်နှစ် လူဦးရေတိုးပွားသလို မြေနုကျွန်းတွေကလည်း စိုက်ပျိုးမြေဧကတိုးလာတဲ့အတွက်ကြောင့် ရေပေးဝေမှုပုံစံကို ပြန်လည်ပြီးတော့ စိစစ်သင့်ပါတယ်။ ချောင်းကော၊ မြောင်းကောတွေကို ပြုပြင်ပြင်ဆင်သင့်သလို တူးမြောင်းကြီးတွေကိုလည်း ပြန်လည်ပြီးတော့ တူးဖော်ဖို့လိုအပ်ပါတယ်။ ရေလှောင်တမံအသေးစားတွေကိုလည်း တူးဖော်ဖို့အတွက်လည်း ပုံစံပြောင်းပြီးတော့ ပြင်ဆင်သင့်ပါတယ်။ သို့ဖြစ်ပါ၍ ပြည်သူများရဲ့အကျိုးစီးပွားဖြစ်ထွန်းရေးကိုရည်ရွယ်ပြီး တောင်သူဦးကြီးများရဲ့စိုက်ပျိုးရေးကောင်းမွန်စေရန်အတွက် ရေလုံလောက်စွာဖြန့်ဝေပေးနိုင်မယ့် နည်းလမ်းအသစ်များကို မည်သို့ဆောင်ရွက်ပေးမည်ကို သိရှိလို၍ ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းရခြင်းဖြစ်ပါတယ်။ ကျေးဇူးတင် ပါတယ်။

**ဥက္ကဋ္ဌ**။ ။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးလှကျော်(ဒုတိယဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော့်အနေနဲ့ မွန်ပြည်နယ်၊ ပေါင်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်မိကွန်ချမ်းရဲ့ မေးခွန်းဖြစ်တဲ့ မွန်ပြည်နယ်၊ ပေါင်မြို့နယ်မှာ နွေစပါးစိုက်တဲ့တောင်သူတွေရဲ့စိုက်ပျိုးမြေများ ရေဖူလုံစွာ ရရှိရေးအတွက် ကတိုက်ဆည်မှရေလုံလောက်စွာ ဖြန့်ဝေပေးနိုင်မယ့်နည်းလမ်းသစ်များ ချမှတ်ဆောင်ရွက်ပေးနိုင်မည့် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းတဲ့မေးခွန်းအပေါ် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအနေနဲ့ မွန်ပြည်နယ်အစိုးရအဖွဲ့ရဲ့ ဖြေကြားချက်နှင့်အတူ ပေါင်းစပ်ဖြေကြားပေးပါမယ်။ မွန်ပြည်နယ်၊ ပေါင်မြို့နယ် ကတိုက်ကျေးရွာအနီး ကတိုက်ချောင်းပေါ်မှာ တည်ဆောက်ထားတဲ့ ကတိုက်ရေလှောင်တမံဟာ ကန်ရေအပြည့်ရေလှောင်ပမာဏ ဧကပေ ၅၄၀၀၀ ကို သိုလှောင်နိုင်ပါတယ်။ ဆည်ရေသောက်

ဧရိယာဧက ၁၀၀၀၀ ကို ရေပေးဝေစိုက်ပျိုးဖို့ ရည်ရွယ်တည်ဆောက်ခဲ့တာဖြစ်ပါတယ်။ ကတိုက်ဆည် ရေသောက်စနစ်မှာ တူးမြောင်းမကြီးအလျားက ၇.၇၇ မိုင်ရှိပါတယ်။ လက်တံမြောင်းများဟာ အလျား ၄.၉၆ မိုင်ရှိပါတယ်။ တည်ဆောက်ထားပြီးတမံကနေ ကန်ရေအပြည့် သိုလှောင်နိုင်မှုပမာဏအရ ဆည်သောက်ဧရိယာဟာ မူလကစီမံကိန်းအရ ဧက ၁၀၀၀၀ ကို နှစ်စဉ်အခက်အခဲမရှိ ရေပေးဝေစိုက်ပျိုး နိုင်ဖို့ စီမံဆောင်ရွက်ထားခြင်းဖြစ်ပါတယ်။ ပြီးခဲ့တဲ့ ၂၀၁၆-၂၀၁၇ ခုနှစ် စိုက်ပျိုးရေးရာသီမှာ နွေစပါးစိုက်ပျိုးမှုအနေနဲ့ ကတိုက်ရေလှောင်တမံရဲ့ မူလဆည်ရေသောက်ဧရိယာအတွင်းမှာရှိတဲ့ နွေစပါးစိုက်ဧက ၁၀၀၀၀ နဲ့ ဆည်ရေသောက်ပြင်ပမှာ စိုက်ဧက ၃၀၈၉ ဧက စုစုပေါင်း ၁၃၀၈၉ ဧက စိုက်ပျိုးဖို့အတွက် လျာထားဆောင်ရွက်ခဲ့သော်လည်းပဲ ပေါင်မြို့နယ်တွင်းမှာရှိတဲ့ လယ်သမားများအနေနဲ့ နွေစပါးစိုက်ပျိုးမှုရဲ့အကျိုးဖြစ်ထွန်းမှုတွေကြောင့် တစ်နှစ်ထက်တစ်နှစ် ပိုမိုတိုးတက်စိုက်ပျိုးလာတာကို တွေ့ရပါတယ်။ ဒီလိုတိုးချဲ့စိုက်ပျိုးလာတဲ့နေရာမှာ မူလဆည်ရေသောက် ဧရိယာအတွင်းမှာရှိတဲ့စိုက်ဧက ၁၀၀၀၀ အပြင် ဆည်ရေသောက်ဧရိယာပြင်ပမှာရှိတဲ့ နွေစပါးစိုက်ဧက ၁၂၃၃၈ ဧက စုစုပေါင်းနွေစပါး ၂၂၃၈၃ ဧကထိ တိုးချဲ့စိုက်ပျိုးလာမှုရှိပါတယ်။ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန အနေနဲ့ ဆည်ရေသောက်ဧရိယာပြင်ပကနေပြီး ပိုမိုတိုးချဲ့စိုက်ပျိုးထားတဲ့နွေစပါးစိုက်ခင်းတွေ ထိခိုက် ဆုံးရှုံးမှုမရှိစေဖို့အတွက် ရေရရှိရေးနည်းလမ်းပေါင်းစုံနဲ့ကြိုးစားဆောင်ရွက်ခဲ့ပြီးတော့ ရေပေးဝေမှု အခက်အခဲတွေ ဆည်ရေသောက်ဧရိယာအတွင်းနဲ့အပြင်မှာရှိတဲ့ တောင်သူများအချင်းချင်း ရေလုတဲ့ ပဋိပက္ခတွေကို အတတ်နိုင်ဆုံးကြိုးပမ်းဖြေရှင်းပေးခဲ့ပါတယ်။ အဲဒီလို ရေရရှိရေးနည်းလမ်းများနဲ့ စီမံဆောင်ရွက်ခဲ့တဲ့နေရာမှာ ကတိုက်ရေလှောင်တမံရဲ့ရေပိုလွှဲမှာ သဲအိတ်သုံးပေအမြင့်ဆင့်ပြီး ရေဧကပေ ၂၀၀၀ ခန့် ပိုမိုသိုလှောင်နိုင်ဖို့ စီမံဆောင်ရွက်ခဲ့ပါတယ်။ ကတိုက်ရေလှောင်တမံကနေ သိုလှောင်ရေတွေကို တူးမြောင်းမကြီးကတစ်ဆင့် ဆားချောင်းထိုမှတစ်ဆင့် ရင်းငြိမ်မြောင်း၊ ရွာတန်းရှည် မြောင်း၊ ကျုံမနိုင်မြောင်း၊ ကတွန်မြောင်း၊ ပန်းကုန်းမြောင်းများဖြင့် သွက်လက်ထိရောက်စွာ ရေပေးဝေ နိုင်ဖို့လိုအပ်သလို လိုအပ်မယ့်မြောင်းများ တူးဖော်စီမံဆောင်ရွက်မှု ကတိုက်ချောင်းရဲ့အောက်ပိုင်း ယင်းငြိမ်ချောင်းပေါ်မှာတည်ဆောက်ထားတဲ့ ရင်းငြိမ်ရေထိန်းတံခါးနဲ့အညီ စနစ်တကျရေထိန်းသိမ်း သိုလှောင်ပြီး ဆည်ရေသောက်ဧရိယာပြင်ပမှာရှိတဲ့ လေးအိမ်စုမြောင်း၊ စော်ကဲစုမြောင်း၊ ကျုံဟော်မြောင်း၊ ရင်းငြိမ်သဲကုန်းမြောင်းကို လိုအပ်သလိုတူးဖော်ပြုပြင်ဆောင်ရွက်ခဲ့ပါတယ်။ ကတိုက်ဆည်ရေသောက် စနစ်အတွင်းကနေ ပိုလျှံပြီးစီးထွက်လာတဲ့ရေတွေကို ပင်လယ်ထဲကို စီးထွက်မသွားစေဖို့အတွက်ကို လည်းပဲ ချောင်းရေထွက်ပေါက်ကိုးခုမှာ ရေထိန်းတံခါးအဆောက်အအုံ (End Structure)တွေနဲ့ပိတ်ဆို့ သိုလှောင်ခြင်း စသည်တို့နှင့် စီမံဆောင်ရွက်ခဲ့ပါတယ်။ ၂၀၁၆-၂၀၁၇ ခုနှစ် နွေစပါးရာသီ ရေပေးရာသီ တစ်လျှောက်လုံးမှာ မူလဆည်ရေသောက်ဧရိယာအတွင်းမှာရှိတဲ့ တောင်သူတွေနဲ့ ရေသောက်ဧရိယာ အပြင်မှာရှိတဲ့တောင်သူတွေအကြား ရေလုတဲ့ပဋိပက္ခတွေ ကြီးမားစွာဖြစ်ပေါ်ခဲ့ပြီးတော့ ပြည်နယ်အစိုးရ အဖွဲ့ရဲ့တင်ပြမှုများကြောင့် ဒေသဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့အစည်းများနဲ့ပူးပေါင်းပြီး ဝိုင်းဝန်းဖြေရှင်း ဆောင်ရွက်ခဲ့ပါတယ်။ ပြီးခဲ့တဲ့ ၂၀၁၆-၂၀၁၇ ခုနှစ်နွေစပါးရာသီမှာ မူလဆည်ရေသောက်ဧရိယာအဖြစ် ပြင်ပမှတိုးချဲ့စိုက်ပျိုးလာမှုကြောင့် ဖြစ်ပေါ်ခဲ့တဲ့အခက်အခဲအခြေအနေများအရလည်းကောင်း၊ ကတိုက် ရေလှောင်တမံကနေ ရေသိုလှောင်နိုင်မှုအခြေအနေနဲ့ ရေရရှိရေး စီမံခန့်ခွဲနိုင်မှုအခြေအနေများအရ လည်းကောင်း၊ ယခု ၂၀၁၇-၂၀၁၈ ခုနှစ် နွေစပါးရာသီမှာ အဖြစ်နိုင်ဆုံးနဲ့အသင့်တော်ဆုံး တစ်ဆက်

တစ်စပ်တည်းဧရိယာဖြစ်တဲ့ နွေစပါးစိုက်ဧက ၁၆၉၇၃ ဧကကို ရေပေးဝေစိုက်ပျိုးနိုင်ဖို့အတွက် လျာထားခဲ့ပြီး မွန်ပြည်နယ်အစိုးရအဖွဲ့သို့လည်း တင်ပြထားပါတယ်။ သက်ဆိုင်ရာကျေးရွာအုပ်ချုပ်ရေးမှူးများကိုလည်းပဲ ကျေးရွာအုပ်စုအလိုက်၊ ကွင်းအလိုက်လျာထားစိုက်ဧကများစာရင်းကို ဖြန့်ဝေထားပြီးဖြစ်ပါတယ်။ သို့ဖြစ်တဲ့အတွက် ပေါင်မြို့နယ်အတွင်းမှာရှိတဲ့ ကတိုက်ရေလှောင်တမံကနေ သိုလှောင်ရေနဲ့စိုက်ပျိုးရေအခက်အခဲမရှိဘဲ နွေစပါးစိုက်ပျိုးနိုင်ရန်အတွက်လည်းကောင်း၊ တောင်သူများ အချင်းချင်းရေပေးဝေရေးပဋိပက္ခများဖြစ်ပွားခြင်းမှ ကင်းဝေးနိုင်ရေးအတွက်လည်းကောင်း၊ စိုက်ပျိုးထားတဲ့နွေစပါးစိုက်ခင်းတွေ ထိခိုက်ဆုံးရှုံးမှုမရှိစေဘဲနဲ့ အောင်ရေအထိ ရေပေးဝေနိုင်ပြီး အောင်အောင်မြင်မြင်စိုက်ပျိုးဖြစ်ထွန်းနိုင်စေရန်အတွက်လည်းကောင်း၊ တာဝန်ခံနိုင်မှုအရလည်းကောင်း၊ အဘက်ဘက်မှချင့်ချိန်ပြီး အတတ်နိုင်ဆုံးစိစစ်လျာထားတဲ့စိုက်ဧက ၁၆၉၇၃ ဧကကို ကတိုက်ရေလှောင်တမံရဲ့ရေသိုလှောင်ထားရှိမှုနဲ့ အောက်ဘက်မှာရှိတဲ့ ရင်းငြိမ်ရေထိန်းတံခါးကနေပြီးတော့ ရေသိုလှောင်ထိန်းသိမ်းနိုင်မှုနှင့်တွဲဖက်ပြီး ရေပေးဝေနိုင်ရန် စီမံဆောင်ရွက်ထားပါကြောင်း ပြည်နယ်အစိုးရအဖွဲ့ရဲ့ဖြေကြားချက်နှင့်အတူ ပေါင်းစပ်ရှင်းလင်းဖြေကြားအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ မိုက်ပေးပါ။

**ဒေါ်မိကွန်ချမ်း(ပေါင်မဲဆန္ဒနယ်)**။ ။ ဥက္ကဋ္ဌကြီးရှင့်၊ ဝန်ကြီးဖြေကြားတဲ့အဖြေနဲ့ ကျွန်မမေးထားတဲ့မေးခွန်းနဲ့က နည်းနည်းလေး လိုအပ်ချက်ရှိပါသေးတယ်။ ကျွန်မမေးထားတဲ့မေးခွန်းကတော့ ဒီ ကတိုက်ဆည်ကနေ ရေလုံလောက်စွာဖြန့်ဝေပေးနိုင်မယ့်နည်းလမ်းအသစ်တွေကို ချမှတ်စေချင်ပါတယ်။ ဒါဟာ ဘာကြောင့်လဲဆိုတော့ ကျွန်မတို့ ရေပေးဝေမှုက နှစ်တိုင်း ကျွန်မတို့မှာ ပြဿနာတွေနဲ့ ကြုံတွေ့နေရတယ်။ နွေရာသီရောက်တိုင်းက တောင်သူလယ်သမားတွေအနေနဲ့ နွေစပါးစိုက်ဖို့အတွက် အားကိုးနေရတဲ့အချိန်မှာ ကျွန်မတို့ ဒီကတိုက်ဆည်ကနေပြီးတော့ ဦးစီးမှူးတွေ၊ ကျွန်မတို့ မြို့နယ်အုပ်ချုပ်ရေးမှူးကနေပြီးတော့ စာထုတ်ပါတယ်။ ဒီစိုက်ပျိုးနိုင်တဲ့ ဧရိယာသတ်မှတ်ထားတဲ့ ဧက ၁၀၀၀၀ အပြင် နောက်ထပ် အားလုံးစုစုပေါင်း ၁၆၉၇၇ ဧကကိုသာ ရေပေးဝေနိုင်ပြီးတော့ ကျန်တဲ့ ဧရိယာတွေကို မစိုက်ပျိုးဖို့အတွက်ကို တားမြစ်ထားတာတွေကိုလည်း ကျွန်မတို့ ကြုံတွေ့ရပါတယ်။ အဲဒီပြဿနာတွေကို ကျွန်မတို့ လွှတ်တော်ကိုယ်စားလှယ်တွေကနေပြီးတော့ သွားရောက်ပြီးတော့ ဖြေရှင်းတဲ့နေရာမှာ အဲဒီမှာ အချို့ကျေးရွာတွေက ရေမရတဲ့အတွက်ကြောင့် သူတို့စပါးတွေ ပျက်စီးဆုံးရှုံးခဲ့ရတယ်။ ပျက်စီးဆုံးရှုံးခဲ့ရတဲ့အပေါ်မှာလည်း နောက်အချင်းချင်း ပြဿနာ ဘာဖြစ်လဲဆိုတော့ ရေရတဲ့နေရာကရတဲ့လူက သူတို့ရဲ့ချောင်း၊ မြောင်းတွေကိုပိတ်တယ်။ ကျန်တဲ့လူတွေကို ရေမပေးဘူး။ အဲဒီပြဿနာတွေလည်း ကျွန်မတို့တွေ ကြုံတွေ့ရပါတယ်။ အဲဒီမှာ ခိုက်ရန်ဒေါသတွေဖြစ်ပြီးတော့ ပြဿနာတွေ ဖြေရှင်းခဲ့ရပါတယ်။ နောက်ကျတဲ့အခါကျတော့ ရေကိုလည်းလွှတ်ပေးပါတယ်။ ကျွန်မပြောချင်တာက တောင်းမှပေးမှာလား။ မတောင်းခင်ကတည်းက ဌာနဆိုင်ရာတွေအနေနဲ့ နှစ်တိုင်းနှစ်တိုင်းကြုံတွေ့နေတဲ့ပြဿနာကို ဘယ်လိုဖြေရှင်းမှာလဲ။ ဒါလေးတွေကိုလည်း ကျွန်မတို့ ကြိုတင်ပြီးတော့ Plan ချသင့်ပါတယ်။ အခုဟာက ၂၀၀၄ ခုနှစ်ကတည်းက ဧရိယာ ဧက ၁၀၀၀၀ ဆိုတာ သတ်မှတ်ထားတဲ့ဧရိယာဟာ အခု ၂၀၁၈ ခုနှစ်ရောက်နေပါပြီ။ ဧက ၁၀၀၀၀ ထက်ကို ထပ်ပြီးတော့ မပိုဘူး။ သူတို့ကိုမေးလိုက်လို့ရှိရင် ဧရိယာစီမံကိန်း ဧက ၁၀၀၀၀ ပဲ။ ဧက ၁၀၀၀၀ ပဲလို့ပြောနေတယ်။ တကယ်စိုက်နေတာက ၃၀၀၀၀ နီးပါး

ဖြစ်နေပြီ။ ဒါကြောင့်မို့လို့ နောင်ငါးနှစ်ကျရင် ကျွန်မတို့ Plan ဘယ်လိုချမလဲ။ နောင် ၁၀ နှစ်ကျရင် Plan ဘယ်လိုချမလဲ။ ဒါတွေက ကျွန်မတို့တွေ စဉ်းစားရမယ့်အပိုင်းလေးတွေဖြစ်လာပြီ။ ပြည်သူတွေ အနေနဲ့ကလည်း လယ်မြေရှိလျက်သားနဲ့ လယ်မစိုက်ရဘူး။ ဒါတွေကို ကျွန်မတို့ အစိုးရအနေနဲ့ ဒီလိုမျိုး မြေရှိလျက်သားနဲ့ စိုက်ပျိုးချင်တဲ့ ပြည်သူတွေကို ကျွန်မတို့က ဘယ်လိုမျိုးကို စဉ်းစားပေးရမှာလဲ။ ဘယ်လိုလုပ်ပေးရမလဲ။ ဒါတွေကိုလည်း ကျွန်မ သိချင်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်မ မေးလိုတဲ့မေးခွန်းကတော့ ဒီ ၂၀၁၈-၂၀၁၉ ဘတ်ဂျက်မှာ ဒီ တူးမြောင်းတွေကိုဖော်ဖို့အတွက် ဘတ်ဂျက်တွေကို ချပေးဖို့ အစီအစဉ်ရှိ/မရှိ မေးမြန်းချင်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဦးမောင်မြင့်(မင်းကင်းမဲဆန္ဒနယ်)။** ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော် ကန့်ကွက်ပါတယ်။ အလုပ်သွားလုပ်တာပါ။

**ဥက္ကဋ္ဌ။** ။ ရပါတယ်။ ကျွန်တော်လည်း နားလည်ပါတယ်။ ကျွန်တော်လည်း ပြောမလို့ပါ။ ပယ်ဖျက်မလို့ပါ။ ဒါ ပယ်ဖျက်ပေးပါ့မယ်။

**ဥက္ကဋ္ဌ။** ။ အဲဒီတော့ ဝန်ကြီးဌာနအနေနဲ့ ပြန်လည်ဖြေရှင်းပေးပါ။

**ဦးလှကျော်(ဒုတိယဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)။** ။ လွှတ်တော်ကိုယ်စားလှယ်ကြီး ဆက်စပ်မေးထားတဲ့မေးခွန်းနဲ့ ဆန္ဒအပေါ် ပြန်လည်ပြီးတော့ ရှင်းလင်းဖြေကြားပေးပါ့မယ်။ ကျွန်တော်တို့ စီမံကိန်းစတင်ဆောင်ရွက်တဲ့အခါမှာ ဖြစ်မြောက်နိုင်စွမ်းလေ့လာမှုက လုပ်ရပါတယ်။ လုပ်ရတဲ့အခါမှာဆိုလို့ရှိရင် စီမံကိန်းအရ အကျိုးသက်ရောက်မယ့်ဧရိယာတွေကို ထိထိရောက်ရောက်နဲ့ဆောင်ရွက်နိုင်ဖို့အတွက်ကို လျာထားသတ်မှတ်ထားတာဖြစ်ပါတယ်။ သို့သော်လည်းပဲ တစ်ဖက်မှာ ယခင်က မစိုက်ပျိုးခဲ့တဲ့ဧရိယာတွေ၊ ယခင်က အခြားသီးနှံစိုက်တဲ့ဧရိယာတွေက အကျိုးအမြတ်အဖြစ်ထွန်းတဲ့သီးနှံတွေ ပြောင်းစိုက်လာတဲ့အလျောက် ယခုဆိုရင် နွေစပါးစီမံကိန်းရဲ့ ပြင်ပဧရိယာမှာ တိုးစိုက်လာတဲ့အတွက် ဒီလိုအခက်အခဲတွေ ကြုံတွေ့ရတယ်ဆိုတာကို သုံးသပ်ရရှိပါတယ်။ မူလလျာထားတာက ဧက ၁၀၀၀၀ ပါ။ မနှစ်က အခြေအနေအမျိုးမျိုးနဲ့ ရှိသမျှအရင်းအမြစ်တွေကို ဖော်ထုတ်ပြီးတော့ ချောင်း၊ မြောင်းတူးဖော်မှုနှင့် ဧက ၂၂၄၀၀ ခန့် တိုးစိုက်လာပါတယ်။ လက်ရှိ နည်းလမ်းစုံအရ ဧက ၁၇၀၀၀ ကို ဘေးသောကကင်းကင်းစိုက်နိုင်ဖို့ စီမံထားတာဟာ ယခင်လို စိုက်နိုင်ဖို့ဆိုရင်တော့ ဧက ၅၄၀၀ အတွက် ရေလိုအပ်ချက်ကို ရေရရှိရေးအတွက် စူးစမ်းမှုများ ဆက်လက်လေ့လာဆောင်ရွက်ပေးသွားပါမယ်။ အကယ်၍များ စူးစမ်းလေ့လာမှုအရ ရေရရှိနိုင်မယ့် Source တွေမရှိဘူးဆိုရင်တော့ မိမိတို့ရဲ့ရေနဲ့ အလှမ်းဝေးတဲ့ ချောင်းဖျား၊ မြောင်းဖျားတွေမှာ ဒေသနဲ့ ကိုက်ညီတဲ့ သီးနှံတွေကို အကျိုးဖြစ်ထွန်းအောင်စိုက်ပျိုးနိုင်ဖို့အတွက် Crossing Pattern တွေကိုလည်းပဲ တောင်သူတွေကိုချပြဆွေးနွေးပြီး စည်းရုံးဆောင်ရွက်သွားနိုင်မှသာလျှင် ကြုံတွေ့နေရတဲ့အခက်အခဲတွေကို ဖြေရှင်းဆောင်ရွက်သွားနိုင်မှာဖြစ်တဲ့အကြောင်း ပြန်လည်ရှင်းလင်းဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ။ ကျွန်တော်တို့ ကိုယ်စားလှယ်တွေ မေးခွန်းမေးတဲ့အခါမှာ၊ အဆိုဆွေးနွေးတဲ့အခါမှာ ကျွန်တော် အမြဲပြောပါတယ်။ တစ်ခု သတိထားပါ။ မသင့်လျော်တဲ့အသုံးအနှုန်းတွေ၊

ဂုဏ်သရေကိုထိပါးစေတဲ့စကားတွေမပါရှိဖို့တော့ သတိထားကြပါ။ ဒါ အားလုံးကို ကျွန်တော် ရှင်းလင်းတင်ပြခြင်းဖြစ်ပါတယ်။

**မြစ်သားမြို့ရှိ ဂိုဒေါင်ပျက်များ၊ ချုံနွယ်များဖြင့် ရှုပ်ထွေးနေသော စိုက်ပျိုးရေးဌာနပိုင်မြေနေရာအား ရုံးမြေနေရာမရှိသော အစိုးရဌာန(၅)ဌာနရုံးဖွင့်လှစ်နိုင်ရေးအတွက် စွန့်လွှတ်လွှဲပြောင်းပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ မြစ်သားမဲဆန္ဒနယ်မှ ဒေါက်တာလင်းလင်းကျော် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဒေါက်တာလင်းလင်းကျော်(မြစ်သားမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အားလုံးမင်္ဂလာပါ။ ကျွန်တော်ကတော့ မြစ်သားမဲဆန္ဒနယ်မှ ဒေါက်တာလင်းလင်းကျော်ပဲဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဒီနေ့မှာ မြစ်သားမြို့ရှိ ရုံးမြေနေရာ အခက်အခဲဖြစ်နေသော ဌာနဆိုင်ရာများရဲ့အနေအထားကို တင်ပြပြီး မြစ်သားမြို့ပေါ်ရှိ မြေနေရာအသုံးပြုမှုပိုင်းများနှင့်ပတ်သက်ပြီး မေးခွန်းမေးမြန်းသွားမှာပဲ ဖြစ်ပါတယ်။ ကျွန်တော့်ရဲ့မေးခွန်းကတော့ မြစ်သားမြို့၏အချက်အခြာကျသည့်နေရာတွင် တည်ရှိသော၊ ဌာနမှအသုံးချခြင်းမရှိသော ဂိုဒေါင်ပျက်များ၊ ချုံနွယ်ပိတ်ပေါင်းများဖြင့် ရှုပ်ထွေးလျက်ရှိသော စိုက်ပျိုးရေးဌာနပိုင်မြေနေရာအား ရုံးမြေနေရာမရှိသော အစိုးရဌာန(၅)ဌာန ရုံးဖွင့်နိုင်ရေးအတွက် စွန့်လွှတ်လွှဲပြောင်းပေးရန် အစီအစဉ်ရှိ/မရှိဖြစ်ပါတယ်။ Power Point သုံးစွဲခွင့်ပြုပါရန် ခွင့်တောင်းအပ်ပါတယ်ခင်ဗျား။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ဒီမေးခွန်းမေးမြန်းရတဲ့ရည်ရွယ်ချက် လေးရပ်ရှိပါတယ်။ ပထမရည်ရွယ်ချက်ကတော့ မြစ်သားမြို့ပေါ်မှာ မေးခွန်းအပါ ၂၃ ဧကကျယ်ဝန်းတဲ့စိုက်ပျိုးရေးဌာနပိုင်မြေနေရာရဲ့ အချက်အခြာကျဖို့ကို ဝန်ကြီးဌာနသိစေရန် ရည်ရွယ်ပါတယ်။ ဒီနေရာဟာ မြင်းခြံ-မြစ်သား-ရေဝန်း-မန္တလေးလမ်းမကြီးဘေးမှာတည်ရှိပြီးတော့ အားကစားကွင်းနှင့်ကပ်လျက် မြစ်သားမြို့ရဲ့အထင်ကရ မြသီတာပန်းဥယျာဉ်နှင့်မျက်နှာချင်းဆိုင် ကွက်ကွက်ကွင်းကွင်းအချက်အခြာကျသည့်နေရာတွင် တည်ရှိပါတယ်။ ဒီလိုအဓိကကျတဲ့နေရာကို အကျိုးရှိရှိအသုံးမချဘဲ ဂိုဒေါင်ပျက်တွေ၊ ချုံနွယ် ပိတ်ပေါင်းတွေက ဖုံးလွှမ်းနေပြီးတော့ မြို့ရဲ့ဖွံ့ဖြိုးမှုကို အဟန့်အတားဖြစ်ပြီးတော့ လူနေအိမ်များ၊ ရပ်ကွက်များ၊ ဈေးဆိုင်များကို ဘေးအပြင်ကို တွန်းထုတ်နေသလိုဖြစ်ပါတယ်။ ဒါကိုလည်း သိစေချင်ပါတယ်။

ဒုတိယရည်ရွယ်ချက်ကတော့ နိုင်ငံ့ဘဏ္ဍာအလေအလွင့်မရှိစေချင်တာပါ။ အစိုးရရုံးဌာနတွေအတွက် မြေနေရာမရှိဘူး။ အဲလိုမရှိတဲ့အခါကျတော့ ဌာနဆိုင်ရာတွေက မြေနေရာတွေ တောင်းကြပါတယ်။ ပေးစရာမြေနေရာမရှိရင် မြေနေရာဝယ်ဖို့အတွက် နိုင်ငံတော်ကို ဘတ်ဂျက်တင်ပြတောင်းခံကြပါတယ်။ ဘတ်ဂျက်ရရှိတဲ့အခါမှာလည်း မြေဈေးကကြီးမြင့်နေလို့ ရုံးဖွင့်ရင်သင့်တော်သည့်နေရာနှင့်အကျယ်အဝန်းကို မရရှိကြပါဘူး။ ယခုလို လိုငွေပြဘတ်ဂျက်နဲ့သွားနေရတဲ့အချိန်မှာ နိုင်ငံတော်ဘဏ္ဍာကို မလေလွင့်ဘဲ ခြိုးခြိုးခြံခြံသုံးစေချင်လို့ ဒီမေးခွန်းကို မေးမြန်းရခြင်းဖြစ်ပါတယ်။ တတိယရည်ရွယ်ချက်ကတော့ ဒီနေရာကို နိုင်ငံအတွက် အကျိုးရှိရှိအသုံးချစေချင်တာပါ။ မြေနေရာကို ယခုအချိန်ထိ အကျိုးရှိရှိအသုံးမချနိုင်ဘူးဆိုရင် တခြားမြေနေရာမရှိတဲ့ဌာနများကို ခွဲဝေပေးခြင်း၊ ဝန်ထမ်းအိမ်ရာများဆောက်လုပ်ပေးခြင်း၊ ပုဂ္ဂလိကသို့ငှားရမ်းရောင်းချခြင်း စသဖြင့် နိုင်ငံတော်

အတွက်အကျိုးရှိအောင် အသုံးပြုစေချင်ပါတယ်။ မေးခွန်းမေးမြန်းရတဲ့နောက်ဆုံး ရည်ရွယ်ချက်ကတော့ ကျွန်တော်တို့မြို့ရဲ့ ရုံးနေရာအခက်အခဲကို တင်ပြချင်လို့ပါ။ ကျွန်တော်ဒီမေးခွန်းကို တင်စဉ်တုန်းက ကျွန်တော်တို့မြို့နယ်မှာ ရုံးမြေနေရာအခက်အခဲရှိနေတာ ငါးရုံးရှိပါတယ်။ အခုအခါမှာ ဆိုလို့ရှိရင် ရှစ်ရုံးထိတိုးလာပြီးတော့ ဝန်ထမ်းအိမ်ရာဆောက်လုပ်ရန်အတွက်မြေနေရာအခက်အခဲဖြစ်နေပါတယ်။ ကျွန်တော်တို့မြို့မှာ ခွင့်ပြုချထားပေးနိုင်တဲ့မြေလွတ်(State Land)ဆိုလို့ မြို့နဲ့ လေး၊ ငါးမိုင်ဝေးကွာတဲ့ မြို့အပြင်မှာပဲရှိပါတယ်။ ဒီမှာရုံးဖွင့်မယ်ဆိုရင် မြို့ထဲကနေ မြို့ပြင်ထွက် ရုံးဖွင့်ရုံးသွားရန်မဖြစ်သင့်တဲ့အပြင် ဆက်သွယ်ရေးအရသော်လည်းကောင်း၊ လုံခြုံရေးအရသော်လည်းကောင်း မသင့်လျော်ပါဘူး။ သို့ဖြစ်ပါ၍ မြစ်သားမြို့နယ်အကျိုး၊ နိုင်ငံအကျိုးကို မျှော်ကိုးပြီး ပြည်သူ့ကိုယ်စားပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် အဆိုပါမေးခွန်းကို မေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးလှကျော်(ဒုတိယဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မန္တလေးတိုင်းဒေသကြီး၊ မြစ်သားမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာလင်းလင်းကျော်ရဲ့မေးခွန်းနဲ့စပ်လျဉ်းပြီး ပြန်လည်ရှင်းလင်းဖြေကြားပါမယ်။ မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင် မြစ်သားမြို့ ဘူတာရပ်ကွက်အတွင်းမှာရှိတဲ့ စိုက်ပျိုးရေးဦးစီးဌာနပိုင်မြေ ၈.၂၅၃ ဧကမှာ (၁၀၀x ၆၀x ၁၅) ပေ ဂိုဒေါင် သုံးလုံး၊ (၃၅ x၁၀ x၁၅)ပေ ရှေ့တန်းစခန်းအဆောက်အအုံတစ်လုံး၊ (၇၀ x ၃၀ x ၁၅) ပေ ဂိုဒေါင်တစ်လုံးနဲ့ ဝါစက်အဆောက်အအုံနဲ့ လစဉ်နိုင်ငံတော်ကို ငှားရမ်းပေးသွင်းလျှက်ရှိတဲ့ ဆိုင်ခန်း ၂၅ ခန်းရှိပါတယ်။ လက်ရှိအခြေအနေမှာ ဆိုင်ခန်းများရဲ့နောက်ကျောဘက်ဧရိယာ အလျား ၂၇၅x အနံ ၂၀၀ ပေ၊ ဧရိယာ ၁.၂၆ ဧကကို အစိုးရဌာန(၅)ခု ရုံးဆောက်လုပ်ဖွင့်လှစ်နိုင်ရေးအတွက် လုပ်ထုံးလုပ်နည်းများနှင့်အညီ စွန့်လွှတ်လွှဲပြောင်းပေးနိုင်ပါတယ်။

မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့အနေနဲ့ မြစ်သားမြို့နယ်ရှိ ဌာန(၅)ခုအတွက် ရုံးမြေနေရာလိုအပ်ချက်တင်ပြလာတဲ့အပေါ်မှာ မိမိတို့ဝန်ကြီးဌာနအနေနဲ့စိစစ်ပြီး လုပ်ထုံးလုပ်နည်းများနှင့်အညီ စိစစ်စွန့်လွှတ်လွှဲပြောင်းရေးကို ဆောင်ရွက်ပေးသွားနိုင်မည့်အခြေအနေဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**တစ်နိုင်တစ်ပိုင်စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းတို့တွင် အများပြည်သူစိတ်ပါဝင်စားပြီး လုပ်ကိုင်လိုစိတ်ရှိလာစေရန် တာဝန်ရှိသူအဆင့်ဆင့်က ကျေးလက်ဒေသအထိ အနီးကပ်ကြီးကြပ်အသိပညာပေးရေးနှင့်လိုအပ်သောကူညီပံ့ပိုးမှုပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဓနုဖြူမဲဆန္ဒနယ်မှ ဦးတင်လှ မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးတင်လှ(ဓနုဖြူမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အားလုံးမင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ဓနုမဲဆန္ဒနယ်က ဦးတင်လှ ဖြစ်

ပါတယ်။ ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းလိုတဲ့မေးခွန်းကတော့ အမှန်တကယ်လက်တွေ့ကျပြီး အကျိုးဖြစ်ထွန်းသော တစ်နိုင်တစ်ပိုင်စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းတို့မှာ အများပြည်သူစိတ်ပါဝင်စားပြီး လုပ်ကိုင်လိုစိတ်ရှိလာစေရန် အဆင့်ဆင့်တာဝန်ရှိသောသူတို့က ကျေးလက်ဒေသမြေပြင်အထိ အနီးကပ်ကြီးကြပ်အသိပညာပေးရေးနှင့် လိုအပ်သောကူညီပံ့ပိုးမှုများပေးရန် အစီအစဉ်ရှိ/မရှိဆိုတဲ့ မေးခွန်းဖြစ်ပါတယ်။

လေးစားအပ်ပါသောဥက္ကဋ္ဌကြီးခင်ဗျား။ အကျိုးအကြောင်းဖော်ပြရမယ်ဆိုရင်တော့ ပြည်သူတို့ရဲ့လူမှုစီးပွားရေးဘဝ လုံခြုံရေး၊ ဆင်းရဲမှုလျော့ပါးရေး၊ အပိုဝင်ငွေရရှိရေးနဲ့အလုပ်အကိုင်အခွင့်အလမ်းများရရှိရေးတို့အတွက် ဒီမေးခွန်းကို မေးရခြင်းဖြစ်ပါတယ်ခင်ဗျား။ ကျွန်တော်တို့ မြန်မာနိုင်ငံဟာ ပထဝီအနေအထားအရ ရေခံမြေခံကောင်းတဲ့နိုင်ငံဖြစ်ပါတယ်။ မြေပြန့်တွေပေါ်များပြီး တော့ ရာသီစိုက်ပျိုးသီးနှံတွေဖြစ်ထွန်းတဲ့နိုင်ငံဖြစ်ပါတယ်။ ဒါပေမဲ့ ယနေ့စံနှုန်းမြင့်တဲ့ ဆန်စပါး ကောက်ပဲသီးနှံတွေကို ဘာဖြစ်လို့မထုတ်လုပ်နိုင်တာလဲဆိုတာလေးကို ပြန်လည်ဆန်းစစ်ဖို့လိုပါပြီ။ ကျွန်တော်တို့ တောင်သူလယ်သမားတွေကလည်း တောင်သူလုပ်ငန်းတစ်ခုတည်းသာ ရပ်တည်မယ်ဆိုရင် တစ်လည်လည်နဲ့ဖြစ်နေပါတယ်။ လုပ်ငန်းကျယ်တောင်သူလယ်သမားကြီးတွေ၊ လုပ်ကွက်ငယ် ခြံသမား၊ လယ်သမားတွေ၊ တစ်နိုင်တစ်ပိုင်မွေးမြူရေးသမားတွေဟာလည်းပဲ တဖန် ၎င်းတို့တတွေ ကလည်းပဲ စိုက်ပျိုးရေးလုပ်ငန်းတွေ၊ စိုက်ပျိုးရေးသမားကလည်းပဲ မွေးမြူရေးလုပ်ငန်းတွေ၊ လယ်သမားယာသမားကြီးတွေကလည်းပဲ တစ်နိုင်တစ်ပိုင်စိုက်ပျိုးမွေးမြူရေးလုပ်ငန်းတွေကို တွဲဖက်လုပ်ကိုင်မှသာလျှင် လူမှုဘဝလုံခြုံရေး၊ စီးပွားရေး၊ ကျန်းမာရေးနှင့် ညီညွတ်ပြီးတော့ ဆင်းရဲသားဘဝက လွတ်မြောက်မှာဖြစ်ပါတယ်။ ဒါကြောင့် အဲဒီလို ပြည်သူတွေဘဝလုံခြုံရေး၊ ဆင်းရဲသားလျှော့ပေါ့ရေး၊ အပိုဝင်ငွေတိုးရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းတွေရရှိရေးအတွက် နိုင်ငံတော်အဆင့်မှသည် ကျေးလက်ဒေသအထိအဆင့်ဆင့်သော အသိပညာရှင်တွေ၊ အတတ်ပညာရှင်တွေ အားလုံးကနေပြီး တော့ အနီးကပ်ကြီးကြပ်ပြီးတော့ အသိပညာပေးဖို့လိုအပ်နေပါတယ်။ ကျွန်တော်တို့နိုင်ငံမှာ ဥပမာ အားဖြင့် မြေတွေအချဉ်ပေါက်တယ်။ အချဉ်ပေါက်တယ်ဆိုရင် တစ်ဧကဆိုရင် စပါး ဆိုရင်အထွက်နှုန်း တင်း ၂၀၊ ၂၅ လောက်လျော့တယ်။ ပဲဆိုရင် လေးတင်း၊ ငါးတင်းလောက်လျော့တယ်။ အချဉ်ပေါက်တယ်။ အငန်ဓာတ်တွေရှိတယ်ဆိုရင်လည်းပဲ ပြုပြင်လို့ရတာနိုင်ငံအတွင်းမှာ ရှိနေပါတယ်။ ဥပမာ-မွန်ပြည်နယ်၊ ကချင်ပြည်နယ်မှာ စသည်ဖြင့် အဲဒီမှာဆိုရင် ကယ်(လ်)ဆီယမ် ထုံးတတ်ကြွယ်ဝတဲ့ မြေစေး သဘာဝအလျောက်မြေတွေရှိတယ်။ ပခုက္ကူ မကွေးစသည့်ဒေသတွေမှာလည်းပဲ လကြေးတို့၊ ဆာလဖာတို့၊ ဒီမြေတွေနဲ့ပြုပြင်လို့ရပါတယ်။ ယနေ့ ကျွန်တော်တို့နိုင်ငံမှာဆိုရင် စိုက်ပျိုးရေးမှာ ကယ်(လ်)ဆီယမ်တို့၊ ပိုတက်စီယမ်တို့၊ တီစူပါတို့သုံးနေတဲ့ ဓာတ်သည်တွေကို အားကိုးနေရတယ်။ ပြည်တွင်းမှာ အိမ်သည်ကောင်းဖြစ်ပါလျက်နဲ့ လက်တွေ့ပြည်တွင်းမှာကို သက်တောင့်သက်သာနဲ့ သဘာဝရေမြေကထွက်နေတဲ့ဟာတွေနဲ့အသုံးချလိုက်မယ်ဆိုရင် တောင်သူ လယ်သမား၊ စိုက်ပျိုးရေး၊ တစ်နိုင်တစ်ပိုင်မွေးမြူရေးသမားတွေက အကျိုးဖြစ်ထွန်းမှာဖြစ်ပါတယ်။ ဥပမာ-သာဓကပြရရင် တနင်္သာရီတိုင်းဒေသကြီးက ကျွန်တော်တို့နဲ့ ရင်းနှီးတဲ့ပုဂ္ဂိုလ်တစ်ယောက် သာမန်အားဖြင့် လေး၊ ငါးတန်းလောက်ပဲအောင်တယ်။ ချဉ်ပေါင်ရွက်၊ နို့ဆီဗူး နှစ်လုံးလေးနဲ့စလိုက်တယ်။ ဒုတိယအဆင့် ကွမ်းခြံလုပ်လိုက်တယ်။ သို့သော် ဧရာမုတ်တိုက်ကြီးဖြစ်နေတယ်။ ဧရာဝတီတိုင်းဒေသကြီးက

ကျွန်တော်တို့နဲ့သိတဲ့ အသက် ၉၀ ကျော်လောက်ရှိတဲ့ပုဂ္ဂိုလ်တစ်ယောက် ဘုန်းကြီးကျောင်းသားပါ။ အဲဒီတော့ သူဟာ လယ်ကွက်တစ်ကွက်လောက်ကျော်တဲ့ လယ်ကွက်ကလေးထဲမှာ ကင်ပွန်းချဉ်စိုက်တယ်။ နေ့စဉ်ကင်ပွန်းချဉ်ခံတောင်းနှစ်လုံးလောက်ရောင်းရတယ်။ ဒုတိယအဆင့်သူဟာဆိုရင် သဘော်စိုက်တယ်။ အကျိုးဖြစ်ထွန်းတယ်။ ဖြစ်ထွန်းတော့ သူဟာအခုတော့ လယ်တွေ၊ ယာတွေပိုင်ပြီးတော့၊ ငွေရှင်ကြေးရှင်ဖြစ်ပြီးတော့ သက်သာသောအတိုးနှုန်းနဲ့အများပြည်သူကိုချေးနိုင်တဲ့အဆင့်ရောက်နေတယ်။ သဘောအားဖြင့်တော့ တစ်နိုင်တစ်ပိုင်မွေးမြူရေးတွေမှာ တာဝန်ရှိသူတွေအဆင့်ဆင့်ကနေပြီးတော့ ပညာတွေပေးမယ်။ သုတေသနလုပ်ငန်းတွေလုပ်မယ်။ အနီးကပ်ကြီးကြပ်မယ်။ သင်တန်းတွေအမျိုးမျိုးပေးမယ်ဆိုရင် အသိပညာတွေတိုးပွားပြီးတော့ Taxonomy of Management အဆင့်လိုက်စီမံခန့်ခွဲမှုတွေ၊ အဆင့်ဆင့်နဲ့စီမံဆောင်ရွက်မယ်။ ကျေးလက်မြေပြင် အထိကို ကျွန်တော်တို့အသိပညာပေးမယ်။ တစ်အိမ်ဆင်းတစ်အိမ်တက် ဆောင်ရွက်မယ်။ မြေတွေ စမ်းသပ်မယ်။ ဒီမြေ၊ ဒီစိုက်ခင်း၊ ဒီနေရာဟာဖြင့် ဘာစိုက်လို့တော်မယ်၊ ဘာမွေးမြူလို့တော်မယ်ဆိုတဲ့ အသိပညာတွေအနီးကပ်ကြီးကြပ်ပြီးတော့ပေးမယ်။ White Paper Pliancy ဆိုတဲ့စက္ကူဖြူစီမံကိန်း နဲ့ကတော့ မရပါဘူး။ ဒါကြောင့် ကျွန်တော်တို့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရဲ့အစီအမံ ရည်မှန်းချက်မူဝါဒ ရှေ့လုပ်ငန်းစဉ်တွေ၊ ဘတ်ဂျက်အလိုက် လုပ်ဆောင်ရမယ့်၊ ဦးစားပေးဆောင်ရွက်ရမယ့်လုပ်ငန်းတွေကလည်း အသေးစိတ်ကျပြီးတော့ အင်မတန်မှကောင်းမွန်ပါတယ်။ တကယ်တမ်းလက်တွေ့အကောင်အထည်ဖော်ပြီးတော့ ဒေသမြေပြင်အထိ ဆောင်ရွက်မယ်ဆိုရင် အောင်မြင်မှာမလွဲဘဲ။ ရွှေမြန်မာနိုင်ငံဖြစ်မယ်ဆိုတာ မုချဖြစ်ပါတယ်။ ဒါကြောင့်။

**ဥက္ကဋ္ဌ**။ ။ နိဂုံးချုပ်ပါ။ ဒါကြောင့်နှင့် နိဂုံးချုပ်ပါ။

**ဥက္ကဋ္ဌ**။ ။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးလှကျော်(ဒုတိယဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မြန်မာနိုင်ငံရဲ့လူအများစုဖြစ်တဲ့ ကျေးလက်ဒေသနေတောင်သူလယ်သမားရဲ့ လူနေမှုစီးပွားရေးဘဝ ပိုမိုတိုးတက်မြင့်မားလာနိုင်အောင် ရည်ရွယ်ပြီးမေးတဲ့ ဧရာဝတီတိုင်းဒေသကြီး၊ ဓနုဖြူမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်လှကို များစွာကျေးဇူးတင်ရှိပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့မြန်မာနိုင်ငံရဲ့ တောင်သူလယ်သမားတွေရဲ့မြေယာပိုင်ဆိုင်ခွင့်ကိုကြည့်မယ်ဆိုရင် တစ်ဦးချင်းပိုင်ဆိုင်တဲ့လယ်မြေဧရိယာနည်းတဲ့ တောင်သူလယ်သမားအရေအတွက်က ပိုမိုတာတွေ့ရှိရမှာဖြစ်ပါတယ်။ အဲဒီအတွက်ကြောင့် စိုက်ပျိုးရေး၊ မွေးမြူရေးဆိုင်ရာ အသိပညာပေးလုပ်ငန်းတွေကို ဆောင်ရွက်တဲ့အခါမှာ တစ်နိုင်တစ်ပိုင်စိုက်ပျိုးမွေးမြူရေးဆိုင်ရာ အသိပညာပေးလုပ်ငန်းတွေကို အဓိကထားဆောင်ရွက်ပေးနေရတဲ့အခြေအနေဖြစ်ပါတယ်။ မိမိတို့ဝန်ကြီးဌာနအောက်မှာရှိတဲ့ စိုက်ပျိုးရေးဦးစီးဌာနအနေနဲ့ စိုက်ပျိုးရေးပညာပေးလုပ်ငန်းတွေကို အဓိကတာဝန်ယူဆောင်ရွက်ရတဲ့ဌာန ဖြစ်ပါတယ်။ ဒီလိုအကောင်အထည်ဖော်ဆောင်ရွက်တဲ့နေရာမှာလည်းပဲ ကျေးရွာအရောက်တောင်သူများနဲ့ ထိတွေ့ပညာပေးတဲ့လုပ်ငန်း၊ တောင်သူတွေကိုယ်တိုင် ဆက်သွယ်မေးမြန်းဖြေရှင်းစေချင်တဲ့ တောင်သူ

လယ်သမားတွေကို သင်တန်းတွေပေးပြီး တောင်သူအချင်းချင်းနည်းပညာဖလှယ်မှု၊ စဥ့်ပွားပြန့်ပွားစေမှုတို့ကို ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ကျေးရွာအရောက်တောင်သူတွေနဲ့ ထိထိရောက်ရောက်ပညာပေးမှုလုပ်ငန်းတွေကို ဆောင်ရွက်ရာမှာလည်းပဲ မိမိတို့ဌာနမှာရှိတဲ့ဝန်ထမ်းအင်အားအရ အစီအမံများ ချမှတ်ပြီးတော့ လိုအပ်ချက်ရှိနေတဲ့ဒေသတွေကို လိုအပ်ချက်နှင့်အညီ ကွင်းဆင်းသွားရောက်ပြီး လုပ်ငန်းဆောင်ရွက်ရခြင်းရှိပါတယ်။ အချို့လိုအပ်ချက်ရှိတဲ့ဒေသတွေဆိုရင် မိမိတို့ရုံးချုပ်အဆင့် တိုင်းဒေသကြီး/ပြည်နယ်အဆင့် တာဝန်ရှိသူများကိုယ်တိုင်စုဖွဲ့ပြီးတော့ ဆောင်ရွက်ရတဲ့အခြေအနေတွေရှိကြောင်း တင်ပြလိုပါတယ်။ စိုက်ပျိုးရေးဦးစီးဌာနအနေနဲ့ စိုက်ပျိုးပညာပေးလုပ်ငန်းတွေကို တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ဆောင်ရွက်နိုင်ဖို့အတွက် အခြေအနေဟာ စုစုပေါင်းဝန်ထမ်းအင်အား ၇၃၀၀ ကျော်ရှိပါတယ်။ ဒါကြောင့် တိုးချဲ့ပညာပေးတဲ့ဝန်ထမ်းတစ်ဦးရဲ့တာဝန်ယူဆောင်ရွက်ရတဲ့ဧရိယာတွေကလည်းပဲ ကျယ်ပြန့်ပါတယ်။ လက်ရှိရာသီဥတုအခြေအနေအရ စိုက်ပျိုးရမယ့်မျိုး၊ စိုက်စနစ်၊ မြေပြုပြင်တာ၊ သဘာဝမြေသြဇာသုံးစွဲတာ၊ ပိုးမွှားရောဂါကာကွယ်နှိမ်နင်းတာ၊ ရိတ်သိမ်းချိန်လွန်နည်းပညာ စသဖြင့် မြေပြင်စိုက်ပျိုးသည့်မှစပြီးတော့ ရိတ်သိမ်းချွေလှေ့သိုလှောင်တဲ့အထိ နည်းပညာပေးလုပ်ငန်းတွေကိုတော့ မိမိတို့စွမ်းအားရှိသလောက် ရှိတဲ့ဝန်ထမ်းအင်အားနဲ့ ပညာပေးဆောင်ရွက်လျက်ရှိကြောင်း တင်ပြအပ်ပါတယ်။ တစ်ဖက်မှာလည်း စိုက်ပျိုးရေးဆိုင်ရာနည်းပညာများနဲ့ တွေ့ကြုံလာတဲ့အခက်အခဲတွေကို ဆက်သွယ်မေးမြန်းနိုင်ဖို့အတွက်လည်းပဲ ၂၀၁၇ ခုနှစ်မှာ Call Center ဆိုပြီးတော့ ဖွင့်လှစ်ပြီး မိမိတို့ဆက်သွယ်မေးမြန်းဆောင်ရွက်နိုင်ရေးအတွက်လည်းပဲ အသိပေးထားရှိပြီးဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။ တောင်သူလယ်သမားတွေကို စိုက်ပျိုးရေး၊ မွေးမြူရေးဆိုင်ရာ သင်တန်းပေးခြင်းလုပ်ငန်းကို ပိုမိုကျယ်ကျယ်ပြန့်ပြန့် ထိထိရောက်ရောက်ဆောင်ရွက်ပေးနိုင်ဖို့အတွက် ကျေးရွာခေါင်းဆောင်တွေကိုလည်း သီးခြားဖိတ်ကြားပြီးတော့ နည်းပညာသင်တန်းပေးမှုကို ယခုအခါမှာ နိုင်ငံတကာအဖွဲ့အစည်းတွေရဲ့အကူအညီအပံ့အပိုးနဲ့ သင်တန်းကျောင်းများတိုးချဲ့ထူထောင်ပြီး ဆောင်ရွက်လျက်ရှိကြောင်း တင်ပြအပ်ပါတယ်။

တောင်သူလယ်သမားမိသားစုတွေ တစ်နိုင်တစ်ပိုင်မွေးမြူရေးလုပ်ငန်းတွေ ဖွံ့ဖြိုးတိုးတက်ဖို့အတွက် မွေး/ကုဦးစီးဌာနအနေနဲ့ မွေးမြူထုတ်လုပ်ခြင်းဆိုင်ရာနည်းပညာများအပြင် တိရစ္ဆာန်ရောဂါကာကွယ်ထိုးနှံခြင်း၊ တိရစ္ဆာန်ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းကိုလည်းပဲ ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိပါတယ်။ အသိပညာပေးခြင်းနှင့် မျိုးကောင်းမျိုးသန့်တိရစ္ဆာန်ဖြန့်ဖြူးခြင်းလုပ်ငန်းကိုလည်းပဲ မိမိတို့စွမ်းအားရှိသလောက် ဆောင်ရွက်ပေးလျက်ရှိကြောင်း တင်ပြအပ်ပါတယ်။ အလားတူ တစ်နိုင်တစ်ပိုင် ငါးမွေးမြူရေးလုပ်ငန်းများမှာလည်းပဲ ကျေးလက်နေပြည်သူတွေကိုယ်တိုင် ငါးသားပေါက်လုပ်ငန်းတွေကို ကိုယ်တိုင်ဆောင်ရွက်နိုင်မှုနဲ့ ငါးမွေးမြူခြင်းကို အောင်အောင်မြင်မြင်ဖြစ်ထွန်းလာဖို့အတွက် နည်းပညာပေးသင်တန်းတွေကိုလည်းပဲ ဆောင်ရွက်လျက်ရှိကြောင်း တင်ပြအပ်ပါတယ်။ ပြည်တွင်းအားနဲ့သာမက အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းတွေရဲ့အကူအညီနဲ့ ကျေးလက်နေတောင်သူတွေရဲ့ တစ်နိုင်တစ်ပိုင် မွေးမြူစိုက်ပျိုးရေးလုပ်ငန်းတွေ ဆောင်ရွက်ရာမှာ အထောက်အကူဖြစ်စေမယ့် နည်းလမ်းတစ်ရပ်ဖြစ်တဲ့ စပါးခင်းငါးထည့်စိုက်ပျိုးမှုလုပ်ငန်းတွေကိုလည်းပဲ၊ အလေ့အကျင့်ကောင်းကိုလည်းပဲ ပညာပေးဆောင်ရွက်လျက်ရှိကြောင်း တင်ပြအပ်ပါတယ်။

သို့ဖြစ်တဲ့အတွက် စိုက်ပျိုးရေးကိုအခြေခံတဲ့မိမိတို့ရဲ့နိုင်ငံမှာ ကျေးလက်လူမှုစီးပွားဘဝလုံခြုံရေး၊ ဆင်းရဲမှုလျှော့ချရေးနဲ့ အလုပ်အကိုင်အခွင့်အလမ်းများရရှိရေးအတွက် ဝန်ကြီးဌာနမှလည်းပဲ မူဝါဒနှင့်လုပ်ငန်းစဉ်များ ချမှတ်ထားတဲ့အလျောက် ဒီလိုစိုက်ပျိုး၊ မွေးမြူရေးဆိုင်ရာ လိုအပ်တဲ့နည်းပညာ၊ သင်တန်း အသိပညာပေးမှုလုပ်ငန်းတွေကို ကျေးလက်ဒေသများသို့အရောက် ကူညီပံ့ပိုးဆောင်ရွက်ပေးမှုအခြေအနေကို လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့မေးခွန်းနှင့်စပ်လျဉ်းပြီး ပြန်လည်ရှင်းလင်းဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**မောက်မယ်မြို့နယ်ရှိ အဓိက ရေအရင်းအမြစ်ဖြစ်သော နမ့်ယွန်းချောင်း၏ ရေငုပ်ကွယ်ပျောက်ဧရိယာအား ရှောင်ကွင်းတူးမြောင်း ဖောက်လုပ်ပေးရန်၊ ရေစီးရေလာပိုမိုကောင်းမွန်အောင် ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ မောက်မယ်မဲဆန္ဒနယ်မှ ဦးစိုင်းငေါင်းဆိုင်ဟိန်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးစိုင်းငေါင်းဆိုင်ဟိန်း(မောက်မယ်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်များ၊ ပြည်ထောင်စုဝန်ကြီးများအားလုံး ကျန်းမာရွှင်လန်းကြပါစေကြောင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လင်းခေးခရိုင်၊ မောက်မယ်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းငေါင်းဆိုင်ဟိန်း ဖြစ်ပါတယ်ခင်ဗျား။ ကျွန်တော်တို့ မောက်မယ်မြို့နယ်ရှိ အဓိကရေအရင်းအမြစ်တစ်ခုဖြစ်သော နမ့်ယွန်းချောင်းရေ ရေစီးရေလာကောင်းမွန်ရေးနှင့် ရေအရင်းအမြစ် ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် ဒီမေးခွန်းကို မေးမြန်းခွင့်တောင်းခံအပ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ မောက်မယ်မြို့နယ်တွင် ရေထွက်များစုစည်းအားဖြင့် အကျိုးပြုနိုင်သော ရေချောင်းများစွာဖြတ်သန်းစီးဆင်းလျက်ရှိပါတယ်။ ၎င်းချောင်းများအနက် အရှည်လျားဆုံးနဲ့ အကျိုးပြုမှုအများဆုံးချောင်းမှာ နမ့်ယွန်းချောင်းဖြစ်ပြီးတော့ တောင်ပေါ်ဒေသမှာ အခြေပြုမြစ်ဖျားခံပြီး လယ်ဧကပေါင်းများစွာကို အကျိုးပြုပေးနေပါတယ်။ မြို့ဧရိယာကို ဖြတ်သန်းစီးဆင်းပြီးတော့မှ နှစ်ပေါင်းများစွာ ကြာမြင့်ခဲ့တဲ့ချောင်းတစ်ခုလည်း ဖြစ်ပါတယ်။ မိုးရာသီမှာ တောင်ကျချောင်းရေများသည် ရေကြီးစေနိုင်ပါတယ်။ နွေရာသီမှာ ရေအဆမတန်နည်းပါးလာသည်နှင့်အမျှ တစ်နှစ်ထက်တစ်နှစ် ပိုမိုပြီးသိသာလာပါတယ်။ မောက်မယ်မြို့နယ်ရှိ ရေအရင်းအမြစ်များအားလုံး နမ့်ယွန်းချောင်းအတွင်းသို့စီးဝင်ကြပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ နမ့်ယွန်းချောင်းသည် ဟိုလွိုင်ကျေးရွာအုပ်စု၊ နမ့်ယွန်း(ခ)နမ့်ကွိုင်ရွာ၏ အနောက်ဘက်တောင်ကြားတွင် မြစ်ဖျားခံ၍ ရှည်လျားသော ကျောက်လိုဏ်ဂူအတွင်းမှ ထွက်ပေါ်လာကာ ရွာ၏အနောက်ဘက် နှစ်မိုင်အကွာတွင် ချောင်းတစ်ချောင်းလုံး ဂူပေါက်အတွင်းသို့ ငုပ်လျှိုးကွယ်ပျောက်ကာ နှစ်မိုင်ခန့်ကွာဝေးသော အရပ်မှာ ပြန်ပေါ်ပါတယ်။ သို့ရာတွင် မူလ ချောင်းရေထက်နည်းပါးသွားသဖြင့် ရေငုပ်ကွယ်ပျောက်သွားသော ဧရိယာအတွင်း ချောင်းရေများ အလဟဿဆုံးရှုံးမှုဖြစ်စေနေပါတယ်။ ယခင်ခေတ်က လယ်သမားများစုပေါင်းအားဖြင့် မြေအိတ်ပေါင်းများစွာဖြင့် တွင်းပေါက်ကို ဝိုင်းဝန်းပိတ်ဆို့ရန်ကြိုးစားခဲ့သော်လည်း မအောင်မြင်ခဲ့ပါ။ စက်ယန္တရားရှားပါးတဲ့ခေတ်ကာလဖြစ်ပါတယ်။ နမ့်ယွန်းချောင်း ရေအားပိုမိုတိုးပွားလာစေရန် မြို့နယ်ဆည်မြောင်းဦးစီးဌာန

ဒေသခံလယ်သမားများ၊ ရပ်ကျေးအုပ်ချုပ်ရေးမှူးများနှင့် ကွင်းဆင်းစစ်ဆေးခဲ့ရာမှာ ရေငုတ် ကွယ်ပျောက်ဧရိယာ အထက် ပေ ၃၀၀ အကွာမှာ ရေလွှဲမြောင်းဖောက်လုပ်ပြီး ပေရှည် ၁၅၀၀ ဝန်းကျင်ခန့် ရေလွှဲလမ်းကြောင်းဖောက်ပါက မူလချောင်းရေများ ရေအားပိုမိုတိုးပွားလာမှာဖြစ်ပါ တယ်။ သဘာဝပတ်ဝန်းကျင်နှင့် လူမှုပတ်ဝန်းကျင်ကို ထိခိုက်မှုမရှိစေဘဲ စက်ယန္တရားများဖြင့် အလွယ်တကူဝင်ရောက်ဆောင်ရွက်နိုင်မည့်အနေအထားရှိပါတယ်။

သို့ဖြစ်ပါ၍ ခေတ်အဆက်ဆက် ကြိုးပမ်းခဲ့သော်လည်း အောင်မြင်မှုမရရှိခဲ့သည့် အများ ပြည်သူလူထုအကျိုးပြုနိုင်မည့် လုပ်ငန်းတစ်ခုကို အကောင်အထည်ဖော်ဆောင်ရွက်ပေးစေလိုပါ တယ်။ ဆောင်ရွက်ပေးပါရန်လည်း မဲဆန္ဒရှင်များကိုယ်စားတင်ပြအပ်ပါတယ်။ အောက်ပါမေးခွန်းကို ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှ ရိုသေစွာ မေးမြန်းအပ်ပါတယ်။ မောက်မယ်မြို့နယ်ရှိ အဓိက ရေအရင်းအမြစ်ဖြစ်သော နမ့်ယွန်းချောင်းရေ၏ ရေငုပ်ကွယ်ပျောက်ဧရိယာအား ရှောင်ကွင်း တူးမြောင်းဖောက်လုပ်ခြင်း၊ ရေစီးရေလာပိုမိုကောင်းမွန်အောင် ဆောင်ရွက်ပေးခြင်းတို့နှင့်စပ်လျဉ်းတဲ့ အစီအစဉ်များကို သိရှိလိုပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးလှကျော်(ဒုတိယဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရှမ်းပြည်နယ်၊ မောက်မယ်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းငေါင်းဆိုင်ဟိန်းရဲ့ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လင်းခေးခရိုင်၊ မောက်မယ်မြို့နယ်အတွင်းမှာရှိ အဓိကရေအရင်းအမြစ် ဖြစ်တဲ့ နမ့်ယွန်းချောင်းရဲ့ ရေငုပ်ကွယ်ပျောက်ဧရိယာကို ရှောင်ကွင်းတူးမြောင်းဖောက်လုပ်ပေးခြင်းနဲ့ ရေစီးရေလာပိုမိုကောင်းမွန်အောင် ဆောင်ရွက်ပေးခြင်းတို့နှင့်စပ်လျဉ်းတဲ့ မေးခွန်းအပေါ် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအနေနဲ့ ပြည်နယ်အစိုးရအဖွဲ့ရဲ့ ဖြေကြားချက်နှင့်အတူ ပေါင်းစပ် ရှင်းလင်းဖြေကြားပေးပါမယ်။ ဒေသတွင်း နမ့်ယွန်းချောင်းဟာ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ မောက်မယ် မြို့နယ်၊ ဟိုလွိုင်ကျေးရွာအုပ်စု၊ နမ့်ယွန်းကျေးရွာရဲ့ အနောက်ဘက်တောင်ကြားမှာမြစ်ဖျားခံပြီး ကျောက်လိုဏ်ဂူအတွင်းကနေ ရေထွက်များဖြင့် စီးဆင်းလာမှုကနေ အောက်ဘက် ၂ မိုင်ခန့်အထိ စီးဆင်းသွားပြီးတဲ့နောက် အချင်း ၁၀ ပေခန့်ရှိတဲ့ တွင်းတစ်ခုမှတစ်ဆင့် ငုပ်လျှိုးစီးဝင်သွားပြီး အောက်ဘက် ၂ မိုင်ခန့်အကွာမှာ ချောင်းရိုးဖြင့် ပြန်ပေါ်ပြီး စီးဆင်းလျက်ရှိကြောင်း သိရှိရပါတယ်။

ဒေသရဲ့မြေအောက်ဘူမိဗေဒအခြေအနေအရ ချောင်းရိုးတစ်လျှောက်မှာ ထုံးကျောက်လွှာများ တည်ရှိတဲ့အတွက် ဂလိုဏ်ပေါက်များဖြစ်ပြီး မြေကျွံကျမှုများလည်း နေရာအနှံ့ဖြစ်ပေါ်လျက်ရှိကြောင်း စိစစ်တွေ့ရှိရပါတယ်။ ဒေသခံတောင်သူလယ်သမားများအနေနဲ့ နမ့်ယွန်းချောင်းရေကို အမှီပြုပြီး ရေလွှဲဆည်များ၊ ရေထိန်းရေမြောင့်အဆောက်အအုံတွေကို ၎င်းတို့ရဲ့အစီအစဉ်နဲ့ တည်ဆောက်ခြင်းနဲ့ လယ်ယာမြေဧက ၃၀၀ ခန့်အတွက် စိုက်ပျိုးရေကို ရယူသုံးစွဲလျက်ရှိကြောင်း သိရှိရပါတယ်။ လွှတ်တော် ကိုယ်စားလှယ်တော်ကြီးရဲ့မေးခွန်းပါ နမ့်ယွန်းချောင်းရေ ငုပ်လျှိုးစီးဝင်သွားတဲ့နေရာကို ရှောင်ကွင်းပြီး မြောင်းဖောက်လုပ်ခြင်းလုပ်ငန်းဟာ ကွင်းဆင်းစိစစ်ဆောင်ရွက်မှုများအရ ရေလွှဲမြောင်းဖောက်လုပ်

ရမယ့် အူကြောင်းတွေနဲ့ မြေပြင်နိမ့်မြင့်အနေအထားအရ မြင့်မားမတ်စောက်တဲ့တောင်ကြောတွေမှာ ကျောက်သားလွှာများကို ဖြိုခွဲပြီး ခက်ခဲစွာဆောင်ရွက်ရမယ့်အခြေအနေဖြစ်ပါတယ်။ အူကြောင်းတစ်လျှောက်မှာလည်း မြေကျွံကျမှုများဖြစ်ပေါ်လျက်ရှိတဲ့အတွက် ထပ်မံပြီးတော့ ရေငုပ်လျှိုးပျောက်ကွယ်သွားနိုင်တဲ့အခြေအနေရှိပါတယ်။ နမ့်ယွန်းချောင်းရေထွက်မှာ ရေကို ရေသွယ်မြောင်း ဖောက်လုပ်ပြီးသယ်ယူရန်မှာ ဒေသရဲ့မြေအောက်ဘူမိဗေဒအခြေအနေနဲ့ မြေမျက်နှာပြင်သွင်ပြင်အနေအထားတွေအရ ဆောင်ရွက်ရန်မသင့်တော်တဲ့အပြင် အခြားရေရရှိနိုင်တဲ့ အရင်းအမြစ်များကလည်း စိစစ်ဖို့အတွက် အများကြီးလိုအပ်ချက်ရှိနေပါတယ်။ သို့ဖြစ်တဲ့အတွက် ဒေသခံတောင်သူလယ်သမားများအနေနဲ့ လက်ရှိမှာ နမ့်ယွန်းချောင်းကို အမှီပြုပြီး တစ်နိုင်တစ်ပိုင်ရေလွှဲဆည်များကို အဆင့်ဆင့်တည်ဆောက်စိုက်ပျိုးရေရယူသုံးစွဲလျက်ရှိသည့်အပေါ်မှာ မိမိတို့ ဆည်မြောင်းနှင့်စိုက်ပျိုးရေး၊ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနက ကျွမ်းကျင်သူများအနေနဲ့ အဆိုပါ တောင်သူလုပ် ရေလွှဲဆည်များနဲ့ ရေယူအဆောက်အအုံတွေ တည်ဆောက်မှုဆိုင်ရာနည်းပညာရပ်များ ပံ့ပိုးပြီး ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း လွှတ်တော်ကိုယ်စားလှယ်တော်ကြီးရဲ့မေးခွန်းကို ရှမ်းပြည်နယ်အစိုးရအဖွဲ့ရဲ့ ဖြေကြားချက်နှင့်အတူ ပေါင်းစပ်ရှင်းလင်းဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီနေ့အတွက် မေးခွန်းများ မေးမြန်းခြင်း၊ ဖြေကြားခြင်းအစီအစဉ်ပြီးပါပြီ။

**ဒေါက်တာဒေါ်ခင်စိုးစိုးကြည်၊ ပြည်မဲဆန္ဒနယ်က စက်မှုလယ်ယာစနစ် အမြန်ဆုံးဖွံ့ဖြိုးတိုးတက်အောင်မြင်ရန်အတွက် ဇကောက်များ ဖော်ထုတ်ခြင်းလုပ်ငန်းကို အမြန်ဆုံးအရှိန်အဟုန်မြင့်ဆောင်ရွက်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆို တင်သွင်းခြင်းနှင့်လက်ခံဆွေးနွေးရန် သင့်/မသင့်အဆုံးအဖြတ်ရယူခြင်း**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်မဲဆန္ဒနယ်မှ ဒေါက်တာဒေါ်ခင်စိုးစိုးကြည်က အဆိုတစ်ရပ်တင်သွင်းထားပါတယ်။ ဒေါက်တာဒေါ်ခင်စိုးစိုးကြည်အား အဆိုတင်သွင်းဖို့ ဖိတ်ခေါ်ပါတယ်။

**ဒေါက်တာဒေါ်ခင်စိုးစိုးကြည်(ပြည်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အားလုံးပဲ မင်္ဂလာပါရှင်။ ကျွန်မကတော့ ပဲခူးတိုင်းဒေသကြီး၊ ပြည်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဒေါ်ခင်စိုးစိုးကြည် ဖြစ်ပါတယ်။ ကျွန်မ ယနေ့တင်သွင်းမယ့်အဆိုကတော့ စက်မှုလယ်ယာစနစ်အမြန်ဆုံးဖွံ့ဖြိုးတိုးတက်အောင်မြင်ရန်အတွက် ဇကောက်များဖော်ထုတ်ခြင်းလုပ်ငန်းကို အရှိန်အဟုန်မြင့် တိုးမြှင့်ဆောင်ရွက်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းတဲ့အဆိုပဲ ဖြစ်ပါတယ်။ စိုက်ပျိုးရေးကိုအခြေခံတဲ့ ကျွန်မတို့နိုင်ငံရဲ့စီးပွားရေး ပြန်လည်ဦးမော့လာစေဖို့ အဓိကအကျဆုံးကတော့ စက်မှုလယ်ယာကဏ္ဍစနစ်တကျဖွံ့ဖြိုးတိုးတက်အောင်အမြန်ဆုံးဆောင်ရွက်ကြဖို့ပဲ ဖြစ်ပါတယ်။ စက်မှုလယ်ယာဆိုတဲ့စကားရပ်မှာ စက်ကိရိယာတွေအသုံးပြုပြီး ထွန်ယက်စိုက်ပျိုးရိတ်သိမ်းခြင်းနှင့်အတူ ဒွန်တွဲပါနေတာက စနစ်ကျတဲ့ အဆင့်မြင့်ဇကောက်တွေဖော်ထုတ်ခြင်းဖြစ်တဲ့အတွက် ယခုအဆိုကို တင်သွင်းရခြင်းဖြစ်ပါတယ်။ ကျွန်မရဲ့အဆိုမှာ အဓိကရည်ရွယ်ချက်သုံးခုရှိပါတယ်။ ပထမတစ်ခုကတော့ ကျွန်မတို့ရဲ့တောင်သူတစ်ဦးချင်းကို

စနစ်ကျတဲ့ အဆင့်မြင့်ဧကကွက်တွေမှာ စိုက်ပျိုးထုတ်လုပ်ခြင်းအားဖြင့် ရေရှည်မှာအကျိုးကျေးဇူးများကြောင်းကို သိစေလိုပါတယ်။ ဒုတိယအချက်ကတော့ အရည်အသွေးမြင့်သီးနှံတွေ ထုတ်လုပ်နိုင်ပြီး နိုင်ငံတကာဆန်စပါးဈေးကွက်ကို ထိုးဖောက်ရန်အတွက်ပဲဖြစ်ပါတယ်။ တတိယအချက်ကတော့ စက်မှုလယ်ယာကဏ္ဍမှာ နိုင်ငံတော်ရဲ့ ရင်းနှီးမြှုပ်နှံမှုကို ထိရောက်စွာတိုးမြှင့်ရင်းနှီးမြှုပ်နှံစေရေးပဲဖြစ်ပါတယ်။

လေးစားရပ်သော ဥက္ကဋ္ဌကြီးရှင့်။ ကျွန်မတို့ နိုင်ငံတစ်ဝန်းလုံးမှာရှိတဲ့ ၇၀ ရာခိုင်နှုန်းသော တောင်သူတွေထဲက အများစုဟာ မိရိုးဖလာနည်းကိုသာသုံးပြီး စိုက်ပျိုးကြတဲ့သူတွေဖြစ်ပါတယ်။ တစ်ဧကထွက်နှုန်းဟာ ပျမ်းမျှ တင်း ၇၀၊ ၈၀ ထက်မပိုပါဘူး။ ဒါပေမဲ့ ယခု ဆယ်စုနှစ်တွေမှာတော့ လယ်ယာလုပ်သားရှားပါးလာတဲ့အတွက် ပျိုးထောင်ပျိုးနုတ်၊ ကောက်စိုက်အဆင့်တွေတောင် မလုပ်တော့ဘဲနဲ့ အစေ့လိုက်ကြဲပက်တဲ့နည်းကို ပြန်သုံးလာတာ တွေ့ရပါတယ်။ ဒါကြောင့် မျိုးစပါးပိုမိုသုံးစွဲရပါတယ်။ မြက်ရှင်း၊ ပေါင်းနုတ်တာတွေမလုပ်နိုင်တဲ့အတွက်ကြောင့်မို့လို့ ပေါင်းသတ်ဆေးတွေ ဖြန်းရပါတယ်။ ဒီလိုဖြန်းတဲ့အတွက် ကျွန်မတို့ဟာ စပါးအထွက်နှုန်းကျတယ်။ စပါးအရည်အသွေးကျပါတယ်။ ယခုအချိန်မှာ ကျွန်မတို့ရဲ့အာဆီယံဒေသတွင်း အိမ်နီးချင်းနိုင်ငံတွေဖြစ်တဲ့ ထိုင်း၊ ဗီယက်နမ်၊ မလေးရှားတို့မှာတော့ စက်မှုလယ်ယာစနစ်ဟာ အခြေခိုင်အောင်မြင်နေပြီးတော့ တစ်ဧကမှာ တင်း ၂၂၀၊ ၂၄၀ အထိထွက်တယ်လို့ သိရှိရပါတယ်။ ဒ့ါအပြင် စပါးအရည်အသွေးကောင်းတဲ့အတွက် နိုင်ငံတကာရဲ့ဈေးကွက်မှာလည်း သူတို့ဟာ လွှမ်းမိုးထားနိုင်ပါတယ်။ စတင်စိုက်တဲ့အချိန်ကတည်းက ဒီနိုင်ငံက တောင်သူတွေဟာ တစ်ဧကစိုက်တာနဲ့ အကျိုးအမြတ်ပမာဏဘယ်လောက်ရမယ်ဆိုတာကို တွက်ချက်ခန့်မှန်းနိုင်ပါတယ်။ ကျွန်မတို့ရဲ့တောင်သူတွေမှာတော့ ယခုအချိန်မှာ မျှော်လင့်ချက်မဲ့တဲ့ဘဝကို ရောက်နေရပါတယ်။ ကျွန်မတို့နိုင်ငံတွင် တောင်သူ နှစ်သီး၊ သုံးသီး သီးထပ်စိုက်မှရမယ့်အကျိုးအမြတ်ကို ဒီစက်မှုလယ်ယာထွန်းကားတဲ့နိုင်ငံက တောင်သူတွေကတော့ တစ်ဧကတစ်သီးစိုက်ရုံနဲ့ပဲ ရတာကို တွေ့ရှိရပါတယ်။ ဒါကြောင့်မို့လို့ ကျွန်မတို့ရဲ့တောင်သူတွေ စက်မှုလယ်ယာမှာ တကယ်စိုက်ပျိုးရင် အကျိုးအမြတ်ဘယ်လောက်ရတယ်ဆိုတာ သိတာထင်ရှားစေဖို့အတွက် ကျွန်မရဲ့ ပြည်မြို့နယ်၊ ပေါင်းတလည်မြို့မှာ ဂျပန်နည်းပညာအကူအညီနဲ့ စမ်းသပ်ဆောင်ရွက်နေတဲ့ Profitable Aggregated Agriculturing လို့ခေါ်တဲ့ Profia လယ်ကွင်းအကြောင်းကို ကျွန်မ Power Point အသုံးပြုပြီး တင်ပြလိုပါတယ်။ Power Point အသုံးပြုခွင့်ပေးပါရှင်။ ဒါကတော့ ကျွန်မတို့ရဲ့ အကျိုးအမြတ်ဖြစ်ထွန်းစေမယ့် ရေသွင်းစိုက်ပျိုးရေစနစ်ဖော်ဆောင်နေတဲ့စီမံကိန်းဖြစ်ပါတယ်။ ဒါကတော့ ကျွန်မတို့က ကောက်စိုက်စက်နဲ့စိုက်နိုင်ဖို့အတွက် ဗန်းနဲ့ပျိုးထောင်ထားတာဖြစ်ပါတယ်။ ဒါကတော့ လယ်ထဲကို ချမစိုက်ခင် (၁၃)ရက်သားပျိုးပင်ဖြစ်ပါတယ်။ ဒါကတော့ ကျွန်မတို့က ကောက်စိုက်စက်ကိုအသုံးပြုပြီးတော့ (၁၅)ရက်သားမှာ လယ်ကွင်းထဲမှာ ကျွန်မတို့က ပင်ကြား၊ တန်းကြား ခြောက်လက်မ၊ ရှစ်လက်မ၊ ခြောက်တန်းတစ်တန်းခြားပြီး စိုက်ထားတဲ့ပုံဖြစ်ပါတယ်။ ဒါကတော့ ကျွန်မရဲ့အပင် ရက် (၃၀)သား စပါးပင်တွေဖြစ်ပါတယ်။ ဒါကတော့ ကျွန်မတို့ (၄၅) ရက်သားအပင်တွေဖြစ်ပါတယ်။ ခြောက်တန်းတစ်တန်းကြား စနစ်တကျစိုက်ထားတာဖြစ်ပါတယ်။ ဒါကတော့ နို့ရည်တည်ပြီးတဲ့အချိန်ပေ့ါနော်။ ဒါကတော့ မရိတ်သိမ်းခင်။ ရက် (၁၁၅)ရက်ရှိတဲ့အပင်တွေဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ တင်ပြလိုတာကတော့ ဒီလိုစနစ်တကျဧကကွက်မှာ စိုက်လိုက်တဲ့

အခါမှာ ကျွန်မတို့က မျိုးက တစ်ဧကအတွက် ရှစ်ပြည်ပဲကုန်ပါတယ်။ မီးရိုးဖလာနဲ့စိုက်ရင် တစ်တင်း၊ နှစ်တင်းကုန်ပါတယ်။ မြေသြဇာလည်း တစ်ဝက်ပဲထည့်ရပါတယ်။ ဒါကြောင့်မို့လို့ သွင်းအားစုကတော့ တစ်ဝက်ပဲထည့်ရပြီး အခုရိတ်သိမ်းပြီးလို့ ကျွန်မရဲ့တောင်သူကြီးနဲ့ သေချာဆွေးနွေးတဲ့အချိန်မှာ တစ်ဧကကို ၁၂၀ သာသာထွက်ပါတယ်။ ဒါကြောင့်မို့လို့ သွင်းအားစုက တစ်ဝက်ပဲကုန်တယ်။ ထွက်တဲ့အခါကျတော့ အကျိုးအမြတ်နှစ်ဆရပါတယ်။ ဒါတောင်မှ ဂျပန်မှာဆိုရင် သူက ၂၄၀၊ ၂၅၀ အထိ ထွက်တယ်လို့ပြောပါတယ်။ ဘာကြောင့် အထွက်တိုးရသလဲ။ ကျွန်မတို့ဟာ ပျိုးသက် ၁၅ ရက်မှာ စိုက်တဲ့အတွက် စပါးရဲ့အလေ့အထအရ (၅၅)ရက်အတွင်း အပင်ပွားထွက်ပါတယ်။ ဂျပန်မှာ ၅၀ အထိထွက်ပြီး ကျွန်မတို့ ၃၅ ပင်ပွားထွက်ပါတယ်။ အဲဒီအပင်ပွားတိုင်းမှာ အသီးအနှံပါတဲ့အတွက် ထွက်နှုန်းနှစ်ဆတိုးလာတာဖြစ်ပါတယ်။ ဒါကို ကျွန်မတို့ တောင်သူတွေကို သေသေချာချာသိစေချင်ပါတယ်။ လက်တွေ့လည်း ဒီကွင်းတွေကိုခေါ်ပြီးတော့ ရှင်းပြခဲ့ပါတယ်။ ဒါပေမဲ့ ဒီမှာ အဓိကလိုအပ်တဲ့ ဧကကွက်တွေ၊ စနစ်ကျဧကကွက်၊ အဆင့်မြင့်ဧကကွက်တွေ လိုတာက ရေရရှိမှုသေချာဖို့ပါ။

နောက်တစ်ခု လယ်မြေ ရေပြင်ညီဖို့ပါ။ ဒါမှ ကျွန်မတို့က ရေသွင်း၊ ရေထုတ် တိကျမယ်။ မြေသြဇာကိုလည်း အချိန်ကိုက်ကျွေးမယ်ဆိုရင် ဒီ့ထက်ပိုပြီး ထွက်မှာဖြစ်ပါတယ်။ ကျွန်မတို့နိုင်ငံမှာ ဆည်တွေအများအပြားဆောက်ခဲ့တာ လူတိုင်းအသိပဲဖြစ်ပါတယ်။ အခုအချိန်မှာတော့ ဒါကို **ရီဟတ်** ပြန်လုပ်တဲ့အနေနဲ့ ရီဟက်ဗလတေးရှင်း ပြန်လည်ပြီးတော့မှ မြောင်းတွေကို ပြင်ဆင်နေတဲ့အချိန်ပဲ ဖြစ်ပါတယ်။ ကျွန်မရဲ့ ပြည်ခရိုင်အတွင်းမှာ JICA ရဲ့ချေးငွေနဲ့ အမေရိကန်ဒေါ်လာ ၁၄၈ သန်းသုံးပြီးတော့ မြောက်နဝန်း၊ တောင်နဝန်း၊ ဝဲကြီးတောင်ညိုမှာရှိတဲ့ လက်တံမြောင်းတွေ၊ လက်တံမြောင်းခွဲတွေကို မိုင် ၁၅၀ ကျော်ပြင်ဆင်နေတာဖြစ်ပါတယ်။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်ကစတင်ခဲ့ပြီး ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်မှာ ပြီးဆုံးမှာဖြစ်ပါတယ်။ ပြင်ဆင်ပြီးတဲ့အချိန်မှာဆိုလို့ရှိရင်တော့ ကျွန်မက ကျွန်မတို့ရဲ့ ပြည်ခရိုင်မှာ ရေသောက်ဧရိယာ ၂၁၆၀၀၀ ကို ရေပေးနိုင်မှာဖြစ်ပါတယ်။ ပြင်ဆင်ပြီးရင် တကယ့်မြောင်းမကြီးတွေကိုတော့ ဆည်မြောင်းကထိန်းသိမ်းပြီးတော့မှ မြောင်းလက်တံတွေကို ရေလုံလုံလောက်လောက်ရဖို့ တောင်သူတွေကိုယ်တိုင်ထိန်းသိမ်းနိုင်ဖို့အတွက် Water User Group လို့ခေါ်တဲ့ ရေယူအဖွဲ့တွေကိုလည်း အခုအချိန်မှာ ရွေးပြေးဖွဲ့စည်းနေပြီဖြစ်ပါတယ်။

ဒါကြောင့်မို့လို့ ဆည်လည်းပြင်နေပါပြီ။ မြောင်းတွေလည်း ပြင်နေပါပြီ။ ကျွန်မတို့ ပဲခူးတိုင်းဒေသကြီးမှာ၊ ကျွန်မတို့ ပြည်ခရိုင်အတွင်းမှာ ဒီစနစ်ကျဧကကွက်တွေ ၂၀၁၄-၂၀၁၅ ခုနှစ်ကတည်းက ဖော်ထုတ်ခဲ့ပါတယ်။ Power Point အသုံးပြုပြီး တင်ပြခွင့်ပြုပါရှင်။ ဒါကတော့ ကျွန်မတို့ ပြည်ခရိုင်ပါ။ စပြီးတော့ ဧကကွက်ဖော်ဖို့ တိုင်းတာနေတာဖြစ်ပါတယ်။ ဒါကတော့ ပိုက်ကားဘက်တွေ၊ ဘောက်ကား ဘက်တွေ တည်ဆောက်နေတာဖြစ်ပါတယ်။ ဒါကတော့ ကုန်ထုတ်လမ်းတွေပါ။ ဒါလည်း ရေမြောင်း တွေဖောက်နေတာဖြစ်ပါတယ်။ ဒါကတော့ ကုန်ထုတ်လမ်းတွေနဲ့ ရေမြောင်းတွေဖြစ်ပါတယ်။ Power Point ပိတ်လို့ရပါပြီ။ ဒီလိုစနစ်ကျဧကကွက်တွေဖော်ထုတ်ပေမဲ့ ထုတ်ဖော်တဲ့ အရေအတွက်ကတော့ အရမ်းနည်းပါတယ်။ တစ်မြို့နယ်မှာ ဘဏ္ဍာနှစ်တစ်နှစ်မှာ ဧက ၁၀၀ ကနေ ၃၀၀ လောက်အထိပဲ ဖော်ထုတ်နိုင်တာဖြစ်ပါတယ်။ ကျွန်မတို့ ၂၀၁၄-၂၀၁၅ ခုနှစ်က ဖော်ထုတ်ခဲ့တာ ယခုနှစ်အထိဆိုရင် ကျွန်မတို့ ခရိုင်အနေနဲ့ပဲပြောမယ်ဆိုရင် ဧက ၁၀၀၀ ကျော် ဖော်ထုတ်ပြီးဖြစ်ပါတယ်။ တကယ်တော့ ကျွန်မတို့ ခရိုင်မှာ နွေစပါးက ၃၈၀၀၀၀ ကျော်ရှိပြီးတော့ မိုးစပါးက ၆၆၀၀၀

ကျော်ရှိပါတယ်။ ဒီနှုန်းနဲ့ သွားနေမယ်ဆိုရင်တော့ ကျွန်မတို့ရဲ့တောင်သူ လူမှုစီးပွားဘဝတိုးတက်ဖို့ ဆိုတာ အချိန်အများကြီးယူနေရမှာဖြစ်ပါတယ်။ ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၂၉ မှာ နိုင်ငံတော်ဟာ လက်မှု လယ်ယာမှ စက်မှုလယ်ယာသို့ကူးပြောင်းနိုင်ရန် နည်းပညာ၊ အရင်းအနှီး၊ စက်ပစ္စည်း၊ ကုန်ကြမ်း စသည်တို့ကို အတတ်နိုင်ဆုံးထောက်ပံ့ပေးရမယ်လို့ ပြဋ္ဌာန်းပါရှိပြီးဖြစ်ပါတယ်။ ၂၀၁၂ ခုနှစ်၊ လယ်ယာမြေဥပဒေ ပုဒ်မ ၁၇ ပုဒ်မခွဲ(ဇ)မှာလည်း ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ရဲ့ တာဝန်နဲ့ လုပ်ပိုင်ခွင့်တွေမှာ လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် လက်မှုလယ်ယာစနစ်မှ ခေတ်မီစက်မှု လယ်ယာစနစ်သို့ ကူးပြောင်းနိုင်ရန် လယ်ယာမြေပြုပြင်ခြင်းလုပ်ငန်းများအတွက် လယ်ယာမြေတွေအသုံးပြုရန်တင်ပြလာရင် စိစစ်ပြီးတော့ အတည်ပြုပေးရမယ်လို့လည်း ပြဋ္ဌာန်းပါရှိပါတယ်။

ဒါကြောင့်မို့လို့ ကျွန်မတို့ နိုင်ငံတော်ရဲ့တာဝန်အနေနဲ့ အခု ကျွန်မတို့ဖော်တာက တိုင်းဒေသကြီး အစိုးရဘတ်ဂျက်ပဲဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်မတို့ ပြည်ထောင်စုအစိုးရရဲ့ဘတ်ဂျက် နိုင်ငံတကာရဲ့အကူအညီနဲ့ ချေးငွေတွေအကူအညီတွေလည်း ကျွန်မတို့ ရင်းနှီးမြှုပ်နှံရမှာဖြစ်ပါတယ်။ ဒါ့အပြင် ပြည်တွင်းပြည်ပ စီးပွားရေးလုပ်ငန်းရှင်တွေနဲ့ အကျိုးတူပူးပေါင်းဆောင်ရွက်တဲ့ Contract Family စနစ်ကိုလည်း စနစ်တကျအကောင်အထည်ဖော်ဆောင်ရွက်ဖို့ အချိန်ရောက်နေပြီ ဖြစ်ပါတယ်။ ဒီလို အကောင်အထည်ဖော်မယ်ဆိုရင်လည်း ကျွန်မတို့က ကွင်းတစ်ဆက်တည်းရှိတဲ့ ကျွန်မတို့ရဲ့ လုပ်ကွက်ငယ်တောင်သူတွေကို အဓိကဦးတည်ပြီးတော့ ဆောင်ရွက်ဖို့ရာလည်းလိုပါတယ်။ ဒါမှ တောင်သူတစ်ဦးချင်းရဲ့ လူမှုစီးပွားဘဝဟာ တိုးတက်လာမှာဖြစ်ပါတယ်။ ကျွန်မတို့ စနစ်ကျတဲ့ ဧကကွက်တွေဖော်ထုတ်တဲ့နေရာမှာ လိုအပ်ချက်တွေ၊ အခက်အခဲတွေရှိပါတယ်။ ဒါကြောင့် တကယ် ဧကကွက်တွေထုတ်ဖော်မယ်ဆိုရင်တော့ မြေနီခင်းတဲ့ကုန်ထုတ်လမ်းတွေပါမယ်။ Structure ပါမယ်။ ပိုက်ကားပတ် ဘောက်ကားပတ်တွေပါမယ်။ ပြီးရင် မြောင်းတွေဟာ အုတ်စီပြီးသားဖြစ်မယ်။ အဆင့်မြှင့်ဧကကွက်တွေထုတ်ဖော်ပေးဖို့ဟာ အလွန်ပဲအရေးကြီးနေပါတယ်။ စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှု ပန်းတိုင်ရဲ့ ရည်မှန်းချက်တွေဟာ ၂၀၃၀ ခုနှစ်မှာ တစ်ကမ္ဘာလုံး တစ်ပြေးညီဖွံ့ဖြိုးတိုးတက်ရမှာဖြစ်ပါ တယ်။ ဒီနှုန်းနဲ့သွားနေမယ်ဆိုရင်တော့ ကျွန်မတို့ ၂၀၃၀ ခုနှစ်မှာ ကျွန်မတို့နိုင်ငံဟာ တစ်ပြေးညီ မလိုက်နိုင်ဘဲနဲ့ ကျန်ခဲ့မယ့်နိုင်ငံဖြစ်သွားမှာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်မတို့နိုင်ငံဟာ Infrastructure တွေအတွက် လမ်းတွေ၊ လျှပ်စစ်တွေအတွက် ရင်းနှီးမြှုပ်နှံမှုလိုအပ်သလို ၇၀ ရာခိုင်နှုန်းသော တောင်သူတွေအတွက် တစ်ဦးချင်းလူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ဖို့အတွက် အရည်အသွေးမြင့်တဲ့ သီးနှံတွေထွက်ဖို့ မျိုးစပါး၊ မျိုးကောင်းမျိုးသန့်လိုအပ်သလို ခေတ်မီစက်ကိရိယာတွေနဲ့ စိုက်ပျိုးထုတ်လုပ်နိုင်တဲ့ မြေကွက်တွေ၊ ဧကကွက်တွေ၊ အဆင့်မြင့်လယ်ယာတွေ ဟာလည်း လိုအပ်နေပြီဆိုတဲ့အချိန်ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ယခုလည်းဆောင်ရွက်နေသော်လည်းပဲ အလျှင်အမြန်၊ အရှိန်အဟုန်မြှင့်ဆောင်ရွက်မှသာ ကျွန်မတို့နိုင်ငံဟာ နောင်အနှစ် ၂၀ မှာ ကမ္ဘာကို ရင်ပေါင်တန်းနိုင်တဲ့ စက်မှုလယ်ယာဖွံ့ဖြိုးတဲ့ နိုင်ငံဖြစ်မှာဖြစ်တဲ့အတွက် ကျွန်မ ဒီအဆိုကို တောင်သူလယ်သမားများနှင့် နိုင်ငံတော်က ပြည်သူအားလုံးရဲ့ကိုယ်စား လေးလေးနက်နက်တင်သွင်း အပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဒေါက်တာဒေါ်ခင်စိုးစိုးကြည် တင်သွင်းတဲ့အဆိုကို ထောက်ခံမယ့် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးအား ဖိတ်ခေါ်ပါတယ်။

**ဒေါ်နီနီမေမြင့်(တောင်ကုတ်မဲဆန္ဒနယ်)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အားလုံးပဲမင်္ဂလာပါရှင်။ ကျွန်မကတော့ ရခိုင်ပြည်နယ်၊ တောင်ကုတ်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်နီနီမေမြင့် ဖြစ်ပါတယ်။ ကျွန်မအနေနဲ့ ပြည်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဒေါ်ခင်စိုးစိုးကြည်တင်သွင်းသော စက်မှုလယ်ယာစနစ် အမြန်ဆုံးဖွံ့ဖြိုးတိုးတက်အောင်မြင်ရန်အတွက် ဧကကွက်များ ဖော်ထုတ်ခြင်းလုပ်ငန်းကို အရှိန်အဟုန်မြှင့်ဆောင်ရွက်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို ထောက်ခံဆွေးနွေးသွားမှာဖြစ်ပါတယ်ရှင်။

ဥက္ကဋ္ဌကြီးရှင်။ ကျွန်မတို့နိုင်ငံရဲ့လူဦးရေ ၇၀ ရာခိုင်နှုန်းခန့်ဟာ တောင်သူလယ်သမားများဖြစ်ကြပြီး စိုက်ပျိုးရေးကိုအခြေခံတဲ့နိုင်ငံတစ်နိုင်ငံဖြစ်ပါတယ်။ ဒါကြောင့်မို့ ဒီလယ်ယာလုပ်ငန်းနဲ့ အသက်မွေးဝမ်းကျောင်းပြုရတာဖြစ်တဲ့အတွက် အရည်အသွေးမြင့်တဲ့လယ်ယာထွက်ကုန်များ တိုးမြှင့်ထုတ်လုပ်နိုင်မှသာ တောင်သူများရဲ့စီးပွားရေးတိုးတက်လာမှာဖြစ်သလို နိုင်ငံစီးပွားရေးအခြေအနေဟာလည်း သိသိသာသာပြောင်းလဲတိုးတက်လာမှာဖြစ်ပါတယ်ရှင်။ အရည်အသွေးမြင့်တဲ့ ဆန်စပါး၊ ကောက်ပဲသီးနှံများကို ထုတ်လုပ်နိုင်မှသာ မြန်မာ့ထုတ်ကုန်ဟာ နိုင်ငံတကာဈေးကွက်မှာ ယှဉ်ပြိုင်ပြီးတိုးဝင်နိုင်မှာဖြစ်ပါတယ်။ အဲဒီတော့ အရည်အသွေးပြည့်မီတဲ့ဆန်စပါးကို ထုတ်လုပ်နိုင်ဖို့ဆိုရင် မျိုးကောင်းမျိုးသန့်အရေးကြီးသလို ခေတ်မီပြီးစနစ်ကျတဲ့စိုက်ပျိုးမှုနည်းပညာဟာလည်း အင်မတန်အရေးကြီးပါတယ်။ ဒါပေမဲ့ ကျွန်မတို့နိုင်ငံက ခုချိန်ထိ မိရိုးဖလာစိုက်ပျိုးနည်းတွေကိုသာ သုံးနေတဲ့ တောင်သူရာခိုင်နှုန်းဟာ အများဆုံးဖြစ်နေပါတယ်။

ဥက္ကဋ္ဌကြီးရှင်။ တကယ်တော့ ကျွန်မတို့နိုင်ငံဟာ လက်မှုလယ်ယာမှ စက်မှုလယ်ယာသို့ ကူးပြောင်းပြီး တောင်သူများဘဝကို မြှင့်တင်ပေးမယ်လို့ ကြွေးကြော်လာခဲ့တာဟာ နှစ်ပေါင်း ၅၀ ကျော်လာခဲ့ပြီဖြစ်ပါတယ်။ ကျွန်မလေ့လာရသလောက် ကျွန်မလူမဖြစ်ခင်ကတည်းက ညက်ညက်ထွန် စိပ်စိပ်စိုက် ကြိုးတန်းဆွဲစိုက် စသဖြင့် စပါးထွက်နှုန်းကောင်းရန် ကြွေးကြော်လာလိုက်တာ နောက်ဆုံးတော့လည်း အခုချိန်ထိ အခက်အခဲမျိုးစုံကြောင့် မျိုးစပါးများကို အကြဲစိုက်နေတဲ့ဆီ ပြန်ရောက်သွားတာကိုပဲ တွေ့နေရပါတယ်။ ဒါဟာ လယ်ယာကဏ္ဍရဲ့ဆုတ်ယုတ်မှုကများနေပြီး တိုးတက်မှုအနည်းငယ်ပဲရှိနေတာကို တွေ့ရှိနေရပါတယ်။ ဒါကြောင့်မို့ လယ်ယာလုပ်ငန်းက ရရှိမှုအကျိုးအမြတ်နည်းပါးတဲ့အတွက် တောင်သူတွေဟာ လယ်ယာလုပ်ငန်းအပေါ်မှာ မျှော်လင့်ချက်မဲ့သလို ဖြစ်နေပါတယ်။

ဥက္ကဋ္ဌကြီးရှင့်။ အဆိုရှင်တင်ပြသွားတဲ့အတိုင်း ကျွန်မတို့ပြည်သူ့အစိုးရလက်ထက်မှာလည်း လယ်ယာကဏ္ဍကိုပြုပြင်ပြောင်းလဲပြီး အဆင့်မြှင့်တင်ဖို့ လိုအပ်နေပါပြီ။ လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေ၊ လယ်ယာမြေဥပဒေ စသဖြင့် ဥပဒေစာအုပ်များတွင်လည်း အတိအလင်းပြဋ္ဌာန်းထားပြီးဖြစ်ပါတယ်။ ဒါကြောင့် မျိုးကောင်းမျိုးသန့်ထုတ်လုပ်ဖို့လိုအပ်သလို အရည်အသွေးပြည့်ဝပြီး အထွက်နှုန်းကောင်းစေမယ့် စနစ်ကျတဲ့အဆင့်မြင့်ဧကကွက်များ

ဖော်ထုတ်ရန် အချိန်ကျနေပြီဖြစ်ပါတယ်။ ဒီစနစ်မှာ အဓိကကျတာကတော့ လိုအပ်သောရေကို လိုအပ်တဲ့အချိန်မှာရနိုင်မယ့် စိတ်ချရတဲ့ဆည်ရေပေးစနစ်ရှိရပါမယ်။ မြန်မာနိုင်ငံအနှံ့အပြားမှာ ဆည်အမြောက်အမြားတည်ဆောက်ခဲ့တာ အားလုံးအသိပဲဖြစ်ပါတယ်။ ဒီဆည်တွေကိုလည်း ရေရရှိဖို့အတွက် လိုအပ်ချက်တွေကိုဖြည့်တင်းလိုက်ရင် အဆင်ပြေနိုင်မှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးရှင်။ ဒီနေရာမှာ တောင်သူတွေအဓိကစိုးရိမ်နေတဲ့အချက်တွေရှိပါတယ်။ အဲဒါတွေကတော့ တကယ်စနစ်ကျတဲ့ဇကကွက်တွေဖော်ပြီဆိုရင် ကုန်ထုတ်လမ်းတွေ၊ ရေသွင်းရေထုတ်မြောင်းတွေပါ ပါဝင်ဖော်ထုတ်ရမှာဖြစ်တဲ့အတွက် ဇကအနည်းငယ်လျော့သွားနိုင်ပါတယ်။ နဂိုနေရာအတိအကျပြန်မရနိုင်ပါဘူး။ စီမံကိန်းအကောင်အထည်မဖော်ခင်မှာ တစ်ဦးချင်းပိုင်ဆိုင်မှုကို တိကျစွာတိုင်းထွာမထားခဲ့ရင် ပြန်လည်ခွဲဝေတဲ့နေရာမှာ အခက်အခဲကြုံရပါမယ်။ မြေဆီမြေနှစ်ဆုံးရှုံးသွားရတဲ့အတွက် (၂)နှစ်၊ (၃)နှစ်က အထွက်နှုန်းလျော့ကျသွားနိုင်ပါတယ်။ အစပိုင်းနှစ်တွေမှာ မြေပြင် Level ညီညာမှုဟာ ရေသွင်းလိုက်တဲ့အခါ ပြောင်းလဲတဲ့အတွက် ရေသွင်းရေထုတ်အခက်အခဲလေးတွေ ကြုံတွေ့နိုင်ပါတယ်။ ဒီအခက်အခဲတွေဟာ အမှန်တော့ဖြေရှင်းလို့ရပါတယ်။ အဲဒါကတော့ တောင်သူများနဲ့ဆက်စပ်တဲ့ဌာနတွေဖြစ်တဲ့ စက်မှုလယ်ယာဦးစီးဌာန၊ မြေစာရင်း၊ စိုက်ပျိုးရေးနဲ့ဆည်မြောင်းတို့ဟာ ပူးပေါင်းဆောင်ရွက်အဖြေရှာမယ်ဆိုရင် ဖြေရှင်းနိုင်မှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးရှင့်။ ရေရှည်အကျိုးကျေးဇူးရရှိမှုကိုကြည့်မယ်ဆိုရင် မိရိုးဖလာနည်းစနစ်နဲ့ အကျိုးအမြတ်အလွန်ကွာခြားကြောင်းကို တွေ့နိုင်ပါတယ်။ ကျွန်မတို့ရဲ့ အာဆီယံဒေသနိုင်ငံတွေမှာလည်း ၁၉၉၀ ခုနှစ်တွေကစလို့ စနစ်ကျအဆင့်မြှင့်လယ်ယာတွေကို ဖော်ထုတ်ခဲ့တာဆိုရင် အခုချိန်မှာအောင်မြင်နေပြီဖြစ်ပါတယ်။ စပါးဟာလည်း အဓိက ပြည်ပပို့ကုန်ဖြစ်လာပါတယ်။ ကမ္ဘာမှာထိုင်းဟာဒုတိယအများဆုံးဆန်တင်ပို့တဲ့နိုင်ငံဖြစ်ပြီး ဗီယက်နမ်နိုင်ငံကတော့ တတိယနေရာမှာလိုက်ပါတယ်။ ဒါတွေဟာ စနစ်ကျတဲ့အဆင့်မြင့်လယ်ယာစနစ်တွေကြောင့်ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးရှင့်။ ကျွန်မကို Power Point သုံးစွဲခွင့်ပြုပါရှင်။ ဒါကတော့ လယ်ထွန်စက်နဲ့ လယ်ထွန်နေတာဖြစ်ပါတယ်။ ဒါကတော့ ကောက်စိုက်စက်နဲ့စနစ်တကျကောက်စိုက်နေတာဖြစ်ပါတယ်။ ဒါကတော့ လယ်ကွင်းကို စနစ်တကျ ဘေးကရေသွင်းမြောင်းလေးတွေနဲ့စနစ်တကျဖောက်လုပ်ထားတာဖြစ်ပါတယ်။ ဒါကလည်း ကျွန်မတို့ စနစ်တကျပဲဖော်ထုတ်ထားတဲ့လယ်ကွင်းတွေဖြစ်ပါတယ်။ ဒါတွေက ကျွန်မတို့ အာဆီယံနိုင်ငံအတွင်းက ဖော်ထုတ်ထားတဲ့လယ်ကွင်းတွေဖြစ်ပါတယ်။ ဒါကလည်း ကျွန်မတို့ စနစ်တကျဇကကွက်တွေ ဖော်ထုတ်ထားတဲ့လယ်မြေတွေဖြစ်ပါတယ်။ ဒါကလည်း အတူတူပါပဲ။ စနစ်တကျဖော်ထုတ်ထားတာဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ နိုင်ငံတော်အစိုးရအနေဖြင့်လည်း အမျိုးသားစီမံကိန်းမှာ စနစ်တကျပါထားပြီးဖြစ်တဲ့အတွက်ကြောင့်မို့လို့ ဘယ်စီမံကိန်းကိုတော့ ဦးစားပေးလုပ်သင့်တယ်ဆိုတာကို ရေတိုရေရှည်အကျိုးအမြတ်ကို သေချာစဉ်းစားပြီး အကောင်အထည်အရှိန်အဟုန်မြှင့်ဆောင်ရွက်ပေးနိုင်ပါရန် တိုက်တွန်းရင်း ထောက်ခံဆွေးနွေးလိုက်ရပါတယ်ရှင်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်မဲဆန္ဒနယ်မှ ဒေါက်တာဒေါ်ခင်စိုးစိုးကြည် တင်သွင်းတဲ့အဆိုကို လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံထားပါတယ်။

မူကြမ်း

ဒီအဆိုနှင့်စပ်လျဉ်းပြီး ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၆၈ နည်းဥပဒေခွဲ(ခ) နည်းဥပဒေခွဲငယ်(၃)အရ လက်ခံဆွေးနွေးရန်သင့်/မသင့် လွှတ်တော်ရဲ့ဆန္ဒရယူပါမယ်။ ဒေါ်ခင်စိုးစိုးကြည် တင်သွင်းတဲ့အဆိုကို လက်ခံဆွေးနွေးရန် လွှတ်တော်ကသဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူသူ မရှိတဲ့အတွက် ဒေါက်တာဒေါ်ခင်စိုးစိုးကြည်၊ ပြည်မဲဆန္ဒနယ်ကတင်သွင်းသော စက်မှုလယ်ယာစနစ် အမြန်ဆုံးဖွံ့ဖြိုး တိုးတက်အောင်မြင်ရန်အတွက် ဇကကွက်များဖော်ထုတ်ခြင်းလုပ်ငန်းကို အမြန်ဆုံးအရှိန်အဟုန်မြှင့် ဆောင်ရွက်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို လက်ခံဆွေးနွေးရန် ဆုံးဖြတ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ဒေါက်တာဒေါ်ခင်စိုးစိုးကြည်၊ ပြည်မဲဆန္ဒနယ်ကတင်သွင်းသည့် အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌကကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ ယင်းအဆိုနဲ့စပ်လျဉ်းပြီး ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၆၈ နည်းဥပဒေခွဲ(ခ) နည်းဥပဒေခွဲငယ်(၅)အရ ဆွေးနွေးမယ့် လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ ၅-၂-၂၀၁၈ ရက်(တနင်္လာနေ့)ညနေ ၄ နာရီနောက်ဆုံးထားပြီး ပြည်သူ့လွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းတင်သွင်းကြရန် ဖြစ်ပါတယ်။

## ပြည်ထောင်စုတရားလွှတ်တော်ချုပ်ကတင်သွင်းသည့် အမျိုးဇာတ်ပျက်ယွင်းခြင်းမှဖယ်ရှားသည့် အက်ဥပဒေ (The Caste Disability Removal Act)ကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ပြင်ဆင်ချက်မရှိအတည်ပြုရန် လွှတ်တော်၏အဆုံးအဖြတ်ရယူခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်က တင်သွင်းတဲ့ အမျိုးဇာတ်ပျက်ယွင်းခြင်းမှ ဖယ်ရှားသည့်အက်ဥပဒေ(The Caste Disability Removal Act)ကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး ပဥ္စမနေ့(၂၃-၁-၂၀၁၈ ရက်နေ့)တွင် ဥပဒေကြမ်းကော်မတီက အစီရင်ခံစာ ကို ဖတ်ကြားရှင်းလင်းခြင်းပြုလုပ်ခဲ့ပါတယ်။ ဒီဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆို တင်သွင်းဆွေးနွေးလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ မိမိပြင်ဆင်လိုတဲ့အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာ၊ အချက်အလက်များကို တိကျစွာရေးသားဖော်ပြ၍ ၂၅-၁-၂၀၁၈ ရက်နေ့ နောက်ဆုံး ထားပြီး အမည်စာရင်းတင်သွင်းရန် တောင်းခံခဲ့သော်လည်း ပြင်ဆင်ချက်အဆို တင်သွင်းလာတဲ့ လွှတ်တော်ကိုယ်စားလှယ် တစ်ဦးမျှမရှိပါ။ ဒါကြောင့် အမျိုးဇာတ်ပျက်ယွင်းခြင်းမှ ဖယ်ရှားသည့် အက်ဥပဒေ(The Caste Disability Removal Act)ကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ဥပဒေကြမ်းကော်မတီရဲ့အစီရင်ခံစာတင်ပြချက်အတိုင်း ပြင်ဆင်ချက်မရှိ အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူသူ မရှိတဲ့အတွက် အမျိုးဇာတ်ပျက်ယွင်းခြင်းမှ ဖယ်ရှားသည့်အက်ဥပဒေ(The Caste Disability Removal Act)ကို ပြင်ဆင်သည့်ဥပဒေကြမ်းကို ဥပဒေကြမ်းကော်မတီရဲ့အစီရင်ခံစာတင်ပြချက်အတိုင်း ပြင်ဆင်ချက်မရှိ အတည်ပြုကြောင်းနှင့် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၉၁ အရ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

## ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၁၁)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး(၁၂)ရက်မြောက်နေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကိုကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၁၁)ရက်မြောက်နေ့ကို ရပ်နားပါ့မယ်။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၁၂)ရက်မြောက်နေ့ကို ၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၅ ရက် (တနင်္လာနေ့) နံနက် ၁၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်းနဲ့ ယနေ့အစည်းအဝေးပြီးဆုံးကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

**အချိန်၊ ၁၁း၃၀။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၁၁)ရက်မြောက်နေ့ကို ၁၁း၃၀ နာရီ အချိန်တွင် ရပ်နားပါသည်။]

## ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၁၁) ရက်မြောက်နေ့ (၂.၂.၂၀၁၈) ရက်နေ့တွင် မေးမြန်းဖြေကြားခဲ့သည့် ပုဂ္ဂိုလ်များ




U Hla Kyaw　　U Khin Maung Latt




U Hla Kyaw　　Daw Thandar




U Hla Kyaw　　Daw NI Ni May Myint




U Hla Kyaw　　Daw Mi Kon Chan




U Hla Kyaw　　Dr Lin Lin Kyaw




U Hla Kyaw　　U Tin Hla

pyithu.hluttaw.mm


U Hla Kyaw


U Sai Ngaung Seng Hein

# ပြည်သူ့လွှတ်တော်

ပြည်သူ့အသံ လွှတ်တော်အသံ

ပြည်သူ့ဆန္ဒ လွှတ်တော်ဆန္ဒ

ပြည်သူတို့မျှော်လင့်ချက် လွှတ်တော်က ဖော်ဆောင်ရွက်